# မြန်မာ

## သင့်အတွက် လူ့အခွင့်အရေး



Burma Campaign UK

HUMAN RIGHTS FOUNDATION

စာဖတ်သူများ ခင်ဗျား

နိုင်ငံသားတိုင်း မိမိအခွင့်အရေးနှင့် လွတ်လပ်ခွင့်အကြောင်းသိထားသင့်ပါတယ်။ သို့မှသာ ထိုအခွင့်အရေးများကို လက်တွေ့ကျင့်သုံးနိုင်ရုံမက ကာကွယ်နိုင်မည်ဖြစ်ပြီး၊ မဆုံးရှုံးသွားအောင် ထိန်းသိမ်းထားရပေမည်။ သင်ဟာ လူ့အခွင့်အရေးကို ခံစားရန် ထိုက်တန်သည့် လွတ်လပ်သော လူသားတစ်ဦးဖြစ်ကြောင်း သိထားသင့်ပေသည်။

ဤစာအုပ်တွင် လူ့အခွင့်အရေးဖောင်ဒေးရှင်း (Human Rights Foundation) နှင့် ယူကေနိုင်ငံ အခြေစိုက်  မြန်မာ့အရေးလှုပ်ရှားဆောင်ရွက်မှုအဖွဲ့ (Burma Campaign UK) တို့ပူးပေါင်း၍ အမြဲလေးစားလိုက်နာရမည့် အခြေခံလူ့အခွင့်အရေးများအကြောင်းကို စုစည်းတင်ပြထားသည်။ လူ့အခွင့်အရေး တစ်ချက်ခြင်းစီကို မိမိတို့နေ့စဉ်ဘဝတွင် မည်သို့ အဓိပ္ပါယ် သက်ရောက်ပုံအကြောင်း ရှင်းပြထားပြီး၊ မြန်မာပြည်တွင် ဖြစ်ပျက်ခဲ့သော လူ့ အခွင့်အရေးချိုးဖောက်ခံရမှု ဥပမာများနှင့် တွဲဖက်ဖော်ပြထားသည်။

တစ်ချို့အခွင့်အရေးများမှာ  ရရှိခံစားနိုင်ရန် မဖြစ်နိုင်သည့် စည်းစိမ်ပစ္စည်းအဖြစ် ထင်မှတ်နိုင်သည်။ သို့သော် ယင်းအခွင့်အရေးများသည် သင်မွေးဖွားစဉ်ကတည်းက ရရှိသင့်သော အခွင့်အရေးများသာဖြစ်သည်။ ထိုအခွင့်အရေးများကို ကမ္ဘာတစ်ဝန်းတွင် အသိအမှတ်ပြုထားပြီးဖြစ်သည်။ လွတ်လပ်ပြီး ဒီမိုကရေစီစနစ်ကို လက်ခံသော လူ့အဖွဲ့အစည်းများတွင် ယင်းအခွင့်အရေးများကို မရှိမဖြစ် လိုအပ်သော အရာအဖြစ်လက်ခံမှသာ အဓိပ္ပါယ် ပြည့်ဝသော ဒီမိုကရေစီဖြစ်မည်ဟု ခံယူထားကြသည်။ သင့်အခွင့်အရေးများကို ပိုမို နားလည်လာစေရန် ၁၉၄၈ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းက အထောက်အကူပြုပါလိမ့်မည်။ ယင်းအပြည်ပြည်ဆိုင်ရာ ကြေငြာစာတမ်းနှင့်အတူ လူမျိုး  (သို့မဟုတ်) တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကားလူနည်းစုအဖြစ် အကျုံးဝင်သူများ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း(The Rights of Persons Belonging to National or Ethnic, Religious and Linguistic Minorities) ကို နောက်ဆက်တွဲ အဖြစ်ထည့်သွင်းထားပါသည်။ စစ်မှန်သော လွတ်လပ်မှုအတွက် ရုန်းကန် တိုက်ပွဲဝင်သူအားလုံး ဤလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသော အခွင့်အရေးများကို သေချာသဘောပေါက် နားလည်ထားဖို့လိုပါသည်။ ဤစာအုပ်ကို ဂရုတစိုက်ဖတ်ရန် တိုက်တွန်းလိုပါသည်။

လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားသောအားဖြင့်




Anna Roberts,
Burma Campaign UK

Thor Halvorssen,
Human Rights Foundation

# နိဒါန်း



**ယနေ့ မြန်မာပြည်၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခြေအနေ**

မြန်မာပြည်သည် ဆယ်စုနှစ်ပေါင်းများစွာ ရက်စက်သော စစ်အာဏာရှင်စနစ်နှင့် ၎င်းကျော ထောက်နောက်ခံပြုထားသော အစိုးရအောက် ဒုက္ခဆင်းရဲခံခဲ့ရသည်။ ကမ္ဘာပေါ်ရှိ လူ့အခွင့်အရေး ချိုးဖောက်မှုအဆိုးဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံအဖြစ် ကာလအတန်ကြာ သတ်မှတ်ထားခဲ့ကြသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရခဲ့သော်လည်း မြန်မာ့တပ်မတော်က နိုင်ငံရေးအာဏာကို နည်းအမျိုးမျိုးဖြင့် ဆက်လက် ထိန်းချုပ်ထားဆဲဖြစ်သည်။ တပ်မတော်က လွှတ်တော်နေရာ ၂၅ ရာခိုင်နှုန်းကို ရယူထားပြီး အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ကြိုးပမ်းမှုများကို ပယ်ချနိုင်သည့် အထူးအာဏာ ရယူထားသည်။ ကာကွယ်ရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးများကို တပ်မတော်က ခန့်အပ်နိုင်ပြီး အရေးကြီးသည့် ဌာနများကို ၎င်းတို့ လက်အောက်ထိန်းချုပ်ထားဆဲ ဖြစ်သည်။ ထိုသို့ထိန်းချုပ်ထားခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုများအရေးကို ၎င်းတို့သာ ဖြေရှင်းဆောင်ရွက်ရန် စီစဉ်ထားခြင်း ဖြစ်သည်။ ထို့အပြင် အစိုးရနှင့် လွှတ်တော်ထက်ပို၍ အာဏာရှိသော အမျိုးသား လုံခြုံရေး နှင့် ကာကွယ်ရေးကောင်စီ (National Defence and Security Council) ကိုလည်း ဆက်လက် လွှမ်းမိုးထားဆဲဖြစ်သည်။ ယင်းအခွင့်ထူးခံ အာဏာအားလုံးကို စစ်အာဏာရှင် အစိုးရလက်ထက်တွင် ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ထားပြီးဖြစ်သည်။ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲနိုင်မှသာ စစ်မှန်သော ဒီမိုကရေစီစနစ်သို့သွားမည့် အသွင်ကူးပြောင်းရေးကို ဖော်ဆောင် နိုင်မည်ဖြစ်သည်။



အစိုးရ၏ အခွင့်အရေးချိုးဖောက်မှုများကို ကန့်ကွက်ခြင်း၊ မမျှတသောလုပ်ခလစာကို ဆန့်ကျင်ခြင်း၊ မိမိတို့၏ လယ်ယာမြေအခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ခြင်း ကြောင့် မြန်မာလူထုသည် အစိုးရ၏ ဖမ်းဆီးအကျဉ်းချခြင်းကို  နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည်။ ထို့အပြင် လူနည်းစု တိုင်းရင်းသားဖြစ်နေခြင်း အတွက်လည်း ဖမ်းဆီး ခံကြရသည်။ လူနည်းစု တိုင်းရင်းသားအမျိုးသမီးများလည်း မြန်မာ့တပ်မတော်၏ အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအမျိုးမျိုးခံစားကြရသည်။ သတင်းစာ ဆရာများလည်း သူတို့၏ ထုတ်ဖော်ရေးသားမှုကြောင့် အကျဉ်းချခံရခြင်း၊ နှိပ်စက်ခံရခြင်း အပြင် သတ်ဖြတ်ခံရသည်အထိ ဖြစ်ကြရသည်။ ယင်းအခွင့်အရေးချိုးဖောက်မှုများသည် အတိတ်ကာလက အဖြစ်အပျက်များသာမဟုတ်။ ယနေ့ထိတိုင်ဆက်လက် ဖြစ်နေသေးသော အခွင့်အရေးချိုးဖောက်မှုများဖြစ်သည်။

ဤလမ်းညွှန်စာအုပ်တွင် သင်၏ အခြေခံလူ့အခွင့်အရေးအကြောင်းများကို မိတ်ဆက် အဖြစ်ရှင်းပြထားပြီး၊ ထိုအခွင့်အရေးများကို အစိုးရအဆက်ဆက် ချိုးဖောက်ခဲ့ပုံများကို တင်ပြထားသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းပါ သင့်အခွင့်အရေး အပြည့်အစုံကိုလည်း ပိုမိုလေ့လာနိုင်ရန် နောက်ဆက်တွဲတွင် ပူးတွဲဖော်ပြထားပေးသည်။ လူ့အခွင့်အရေးသည် တစ်ကမ္ဘာလုံးအတိုင်းအတာအထိ အကျုံးဝင်ပြီး၊ လူသားတစ်ဦး အဖြစ် သင်ပိုင်ဆိုင်ထားသော အရာဖြစ်သည်။ သင့်ထင်မြင်ချက်ကို လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုနိုင်သည်။ အစိုးရသာမက မည်သူမှ သင့်အယူအဆ အမြင်အတွက် ပြစ်ဒဏ်ပေးခြင်း၊ တားဆီးနှောက်ယှက်ခြင်း မလုပ်သင့်။ လူတိုင်းတွင် ထိုအခွင့်အရေး ပိုင်ဆိုင်ထားသည်။ သင့်မိတ်ဆွေ၏ အမြင်သဘောထားကို သဘောမတူသော်လည်း၊ သူ့၏ ကိုယ်ပိုင်အမြင်ထားရှိပိုင်ခွင့် ကို သင့်အနေဖြင့် လေးစားရပေမည်။ လူတစ်ဦး၏ လူမျိုး၊ဘာသာစကား၊ ကိုးကွယ်ရာ၊ လိင်စိတ်ခံယူမှု နှင့် ဆင်းရဲချမ်းသာမှု ကွဲပြား သော်လည်း လူ့အခွင့်အရေးသည် လူသားတိုင်းအတွက်ဖြစ်သည်။ လူ့အခွင့်အရေးများ အားလုံးကို ခွဲခြားမရနိုင်ပါ။ အခွင့်အရေးတစ်ခုက အခြားအခွင့်အရေးများထက် ပိုအရေးကြီးသည်ဟုမဆိုနိုင်။ အမျိုးသမီးအခွင့်အရေးနှင့် လူမျိုးစုအခွင့်အရေးများကို သိပ်အရေးမကြီးဟုဆို၍ နောက်ချန်ထား၍ မရပါ။




Credit: My Friend Campaign

# ၁။ လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့်

> ကျနော်တို့အားလုံး လွတ်လပ်စွာ စဉ်းစားတွေးခေါ်ပိုင်ခွင့်ရှိသည်။ မိမိတို့ ယုံကြည်ရာ၊ ကိုးကွယ်ရာကို ခံယူပိုင်ခွင့်နှင့် ထုတ်ဖေါ်ခွင့်ရှိသည်။ လူတစ်ဦး၏ ကျင့်ဂတ်ဆိုင်ရာ ခံယူချက် တန်ဖိုးကို အစိုးရက စွက်ဖက်ခွင့်မရှိပါ။

## ဆိုလိုသည်မှာ

သင့်တွင် သင့်ကိုယ်ပိုင် အတွေးအခေါ်ထားရှိနိုင်သည့် အခွင့်အရေးရှိသည်။ ထို အယူအဆက အစိုးရ၏ အယူအဆနှင့် ကွဲပြားနေပါစေ။ စိုးရွံ့စရာမလိုပါ။ သင်ယုံကြည် လိုသော ဘာသာတရားကို ရွေးချယ်ခွင့်ရှိသည်၊ သင်ရွေးချယ်သော ဘုရားကို ကိုးကွယ်ပိုင်ခွင့်နှင့် ဘုရားကျောင်းသို့ သွားရောက်ခွင့်ရှိသည်။သင်ကသာလျှင် သင့်အတွေးအခေါ်နှင့် ယုံကြည်ချက်၏ အရှင်သခင်ဖြစ်သည်။ သင့် စိတ်ကူးတွေးခေါ်ချက်များ အရေးကြီးပါသည်။ သင့်တွေးခေါ်ယူဆချက်ကို စွဲကိုင်ပိုင်ခွင့်သည် သင့်အခွင့်အရေးဖြစ်သဖြင့် ထိုအခွင့်အရေး ကို လေးစားပေးရမည်။

## သင့်ကိုယ်သင် မေးကြည့်ဖူးပါသလား။

- မိမိယုံကြည်ရာ အယူအဆအတွက် အကျဉ်းချခံရနိုင်ပါသလား။
- ဆန္ဒပြလိုပါက အများပြည်သူရှေ့တွင်ဆန္ဒထုတ်ဖော်နိုင်သလား။
- ဖိနှိပ်ထားသော ဥပဒေများကို ကန့်ကွက်နိုင်ပါသလား။
- မိမိရွေးချယ်သော ဘာသာတရားကို ကိုးကွယ်ပိုင်ခွင့်ရှိပါသလား - သို့မဟုတ် ဘာသာမဲ့ အဖြစ်ကော ရွေးချယ်ခွင့်ရှိပါသလား။
- မိမိ၏ ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာပြောင်းလဲခွင့်ရှိပါသလား။
- ဘာသာတရားကို အခြေမခံပဲ မြန်မာပြည်ရှိ ပြည်သူတိုင်းကို တန်းတူညီမျှ ဆက်ဆံကြပါသလား။

# အခွင့်အရေးချိုးဖောက်မှု သာဓကများ

ခရစ်ယာန်ဘုရားကျောင်းနှင့် မွတ်ဆလင်တို့၏ ဗလီကျောင်းဆောက်ခွင့် ပါမစ်များ ငြင်းပယ်သည်။

၂၀၁၅ တွင် မြန်မာလွှတ်တော်က " မျိုးစောင့်ဥပဒေခေါ် အမျိုးဘာသာ ဥပဒေ" လေးရပ်ကို အတည်ပြုထောက်ခံကာ သမ္မတ ဦး သိန်းစိန်က သဘောတူလက်မှတ်ထိုး ပြဌာန်းခဲ့သည်။ အမျိုးဘာသာ ဥပဒေအရ ဘာသာပြောင်းရန် တင်းကျပ်ထားပြီး၊ ဗုဒ္ဓဘာသာအမျိုးသမီးများ လက်ထပ်ထိန်းမြားခြင်းကိုလည်း ထိန်းချုပ်ထားသည်။ တစ်လင်တစ်မယားစနစ်ဖြင့် လူဦးရေထိန်းချုပ်ထားခြင်းဖြစ်သည်။ ဥပမာ - ဘာသာပြောင်းလဲခြင်းဆိုင်ရာ ဥပဒေ (Religious Conversion Bill) အရ ဘာသာပြောင်းရန် မြို့နယ်အဆင့်ဘုတ်အဖွဲ့၏ ထောက်ခံချက်ရယူရန် တင်ပြရပြီး၊ သဘောတူညီမှု ရရှိပြီးမှသာ ပြောင်းလဲနိုင်သည်။ ထိုသို့ တင်းကျပ်သောစည်းမျဉ်းသည် လူတစ်ဦး၏ ကိုယ်ပိုင်ယုံကြည်ရာ ဘာသာတရားကို ရွေးချယ်ကိုးကွယ်ခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း၊ အပိုဒ် ၁၈။

# ဖြစ်ရပ်လေ့လာချက်

ဘာသာရေးအစွန်းရောက်ဂါဒကို ဝေဖန်သောကြောင့် ထောင်ချခံရ သော ဦး ထင်လင်းဦး

ဇွန်လ ၂၀၁၅ တွင် မြန်မာစစ်တပ်နောက်ခံ အစိုးရက စာရေးဆရာ ဦး ထင်လင်းဦးအား ဘာသာရေးအစွန်းရောက်မှုကို ဝေဖန်သည်ဟု ဆိုကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်ချမှတ်ခဲ့သည်။ ဦး ထင်လင်းဦးသည် စာရေးဆရာတစ်ဦးဖြစ်ပြီး၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ ပြန်ကြားရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ တစ်ဦးဖြစ်သည်။ ၂၃ ရက် အောက်တိုဘာ ၂၀၁၄ တွင် ချောက်ဦးမြို့နယ် စာပေဟောပြောပွဲတွင် တက်ရောက် ဟောပြောခဲ့သည်။ သူ့ဟောပြောချက်တွင် ဗုဒ္ဓဘာသာကိုအသုံးချ၍ မြန်မာပြည်တွင်း ဘာသာရေးခွဲခြားဆက်ဆံမှုအရှိန်မြှင့်အောင် လုပ်ဆောင်နေကြကြောင်း ထည့်သွင်းပြောဆိုခဲ့သည်။

ထို့နောက် မြို့နယ်အဆင့်အုပ်ချုပ်ရေးအရာရှိများက အမှုဖွင့်ကာ ဒီဇင်ဘာ ၄ ရက် ၂၀၁၄ တွင် သူ့ကိုဖမ်းဆီးခဲ့ရသည်။ ထိုသို့ သူ့ကို ရာဇဝတ်မှုဖြင့် တရားစွဲခံရပြီးနောက် အန်အယ်ဒီက သူ့ရာထူးမှ ထုတ်ပယ်ခဲ့သည်။ ခြောက်လခန့် ထိန်းသိမ်းခံရပြီးနောက် သူ့ကို မုံရွာထောင်တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ် ကျခံစေရန် ချမှတ်လိုက်သည်။ ဇန်နဝါရီ ၂၀၁၆ တွင် နိုင်ငံရေးအကျဉ်းသား အချို့ကို လွှတ်ပေးခဲ့သည်။ ဦး ထင်လင်းဦးသည် ဧပြီ ၂၀၁၆တွင် အကျဉ်းထောင်မှလွတ်မြောက်ခဲ့သည်။

သူအဖမ်းခံရချိန်တွင် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ (မဘသ)နှင့် အစွန်းရောက်ဘုန်းကြီး ဂီရသူတို့ ဦးဆောင်သော အစွန်းရောက် ဗုဒ္ဓဘာသာ အမျိုးသားလှုပ်ရှားမှု အရှိန်မြှင့်တက်နေချိန်ဖြစ်သည်။ မဘသကို မွတ်ဆလင်နှင့် အထူးသဖြင့် ရိုဟင်ဂျာများ အား ဆန့်ကျင်သည့် ဘာသာရေးဆိုင်ရာ မုန်းတီးမှုဖြစ်ပေါ်စေရန် ဟောပြော လှုပ်ရှားခွင့်ပြု ထားသည်။ ထိုသို့ခွင့်ပြုထားခြင်းဖြင့် သမ္မတဦးသိန်းစိန်က အန်အယ်ဒီ ဆန့်ကျင်ရေး စိတ်ဓာတ်များဖြစ်ပေါ်လာက စစ်တပ်က ကျောထောက်နောက်ခံပြုထားသော ကြံ့ခိုင် ဖွံ့ဖြိုးရေးအသင်း (Union Solidarity and Development Party) အား လူထုထောက်ခံ ကာ ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲတွင် အနိုင်ရရန် အသုံးချခဲ့သည်။ ယင်းအကြံ အစည်ကျရှုံးခဲ့သည်။ သို့သော် အမုန်းစကားပြောဆိုခွင့်နှင့် အစွန်းရောက် အမျိုးသားဂါဒကို ခွင့်ပြုခြင်း၊ လူနည်းစုများကို တိုက်ခိုက်ခံရခြင်းများသည် မြန်မာပြည်၏ စိုးရိမ်စရာကောင်းသော အနာဂတ်ကိုဦးတည်နေပါသည်။



Credit: DVB

# ၂။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့် သတင်းအချက်အလက် ရယူပိုင်ခွင့်

ကျနော်တို့အားလုံးတွင် မိမိအတွေးအခေါ်နှင့် စိတ်ကူးစိတ်သန်းများကို အခြားသူများအား ပြောပြမျှဝေပိုင်ခွင့်ရှိသည်။ သတင်းအချက်အလက်၊ စိတ်ကူးအတွေးအခေါ်များကို နှုတ်ဖြင့် ဖြစ်စေ၊ စာအရေးအသားဖြင့်ဖြစ်စေ၊ ပုံနှိပ်ထုတ်ဝေ၍ဖြစ်စေ လွတ်လပ်စွာ ရှာဖွေခွင့်၊ ရယူပိုင်ခွင့်နှင့် ဖြန့်ဝေခွင့်ရှိသည်။ မိမိ၏ ကိုယ်ပိုင်အမြင်ထုတ်ဖော်ခြင်းအတွက် မည်သူ့ကိုမှ မတရားနှိမ်ချဆက်ဆံခြင်း၊ အန္တရာယ်ပြုခြင်းနှင့် ပြစ်ဒဏ်ပေးခြင်း မပြုရပါ။

## ဆိုလိုသည်မှာ

အကြောက်တရားမရှိဘဲ သင့်ထင်မြင်ချက်ကို ကိုယ်တိုင် လွတ်လပ်စွာထုတ်ဖော်ခွင့် ရှိသည်။ အင်တာနက်နှင့် မီဒီယာကို အသုံးပြု၍ ကမ္ဘာ တစ်ဝန်းလုံးက အကြောင်းအရာ တွေကို သိခွင့်ရှိသည်။ သင့်ဆန္ဒအတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ရှိသည်။ ကိုယ်နှစ်သက်ရာ ရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် သတင်းစာများကို ရွေးချယ် ပိုင်ခွင့်ရှိသည်။ သတင်းအချက် အလက်များကို နိုင်ငံတော်က အပြစ်ပေးမည်ကို ကြောက်စရာမလိုပဲ ရယူပိုင်ခွင့်နှင့် လူအများသိရှိစေရန် ရေးသားထုတ်ဝေပိုင်ခွင့်ရှိသည်။ သင့်ကိုယ်ပိုင် အမြင်၊ ရေးသားချက်နှင့် လုပ်ဆောင်ချက်များကို ထုတ်ဝေဖြန့်ဖြူးပိုင်ခွင့်ရှိသည်။ သတင်းစာ ဆရာများအနေဖြင့် အစိုးရအရာရှိများနှင့် ဥပဒေများအကြောင်းက ထောင်ချခံရ မည့်အရေး စိုးရိမ်စရာမလိုပဲ အနှောင့်အယှက်ကင်းစွာ ရေးသားဖော်ထုတ်ခွင့်ရှိသည်။

## သင့်ကိုယ်သင် မေးကြည့်ဖူးပါသလား။

- အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် သတင်းစာ၊ ရုပ်မြင်သံကြားအစီအစဉ်၊ ရေဒီယိုကိုများကို၊ ဖတ်ရှုရန် ကြည့်ရှုရန်နှင့် နားထောင်ရန် သင့်ထံတွင် ရွေးချယ်ခွင့်ရှိပါသလား။
- မိမိလိုချင်သည့် သတင်းအချက်အလက်နှင့် မည်သည့်အကြောင်းအရာကိုမဆို သိရှိရန်

အင်တာနက်ကို လွတ်လပ်စွာသုံးခွင့်ရှိပါသလား။

- မိမိအမြင်ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိပါသလား။
- ပြည်တွင်းနှင့် ပြည်ပ စာနယ်ဇင်းသမားများနှင့် လွတ်လပ်စွာ ဆက်သွယ်ခွင့် ရှိပါသလား။
- စာနယ်ဇင်းသမားများနှင့် သတင်းစာများက သူတို့ထုတ်ဝေလိုသည့် အကြောင်း အရာများကို ထုတ်ဝေရန် ဆုံးဖြတ်ပိုင်ခွင့်ရှိပါသလား။



### ကိုပါကြီးအသတ်ခံရခြင်း

ကိုပါကြီးသည် အလွတ်သတင်းထောက်တစ်ဦးဖြစ်ပြီး မြန်မာ့တပ်မတော်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (Democratic Karen Benevolent Army-DKBA) တို့ကြားဖြစ်ပျက်နေသော ပဋိပက္ခအကြောင်းကို ရေးသားတင်ပြနေစဉ် ၂၀၁၄ တွင် မြန်မာစစ်တပ်စခန်းသို့ ဖမ်းဆီး ထိန်းသိမ်း ခံခဲ့ရသည်။ ထို့နောက် ညှဉ်းပန်းနှိပ်စက်ခံရကာ နောက်ဆုံးတွင် ပစ်သတ်ခံခဲ့ ရသည်။ သူ့ ခန္ဓာကိုယ်ကို ကြည့်ခွင့်ရခဲ့သော သူ့အမျိုးသမီး မသန္တာက နှိပ်စက် ထားသည့် ဒါဏ်ရာများကို ထင်ထင်ရှားရှားတွေ့မြင်ခဲ့ရသည်။ သူ့အား သတ်ဖြတ်မှုအတွက် တရားမျှတမှုရရှိရန် တရားရုံးတွင် အရေးယူ ဆောင်ရွက် ပေးခဲ့ခြင်းမရှိပါ။ မြန်မာစစ်တပ်က ကျောထောက်ခံမှုနှင့် ယခင် အစိုးရက လူ့အခွင့်အရေးအတွက် မျက်နှာပန်းလှရန်ဖွဲ့စည်းထားသော မြန်မာ လူ့အခွင့်အရေးကော်မရှင် (Myanmar National Human Rights Commission) က ကိုပါကြီးအမှုကို စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သည်။ သို့သော် လည်း ယင်းအဖွဲ့သည် မြန်မာစစ်တပ်၏ အကျိုးကိုသာ ကာကွယ် ပေးခဲ့သည်။



# လူ့အခွင့်အရေးချိုးဖောက်မှု သာဓကများ

စာနယ်ဇင်းသမားများအား ထိပါးနှောင့်ယှက်ခြင်းနှင့် အကျဉ်းချခြင်းဖြစ်သည်။ ၂၀၁၆တွင် ငြိမ်းချမ်းရေးလှုပ်ရှားသူ ကချင်အမျိုးသား ကွန်ရဲလီက မြန်မာစစ်တပ်အား လှောင်ပြောင်ထားသောပုံကို ဖေ့စ်ဘုတ်တွင် ဖြန့်ဝေခဲ့သည်ဟု စွပ်စွဲခံရကာ ဖမ်းဆီးအကျဉ်းချခံခဲ့ရသည်။

မြန်မာပြည်တွင် မီဒီယာများအား ကန့်သတ်ထားသော ဥပဒေ အများအပြား ရှိနေသေး သည်။ ရုပ်မြင်သံကြားအစီအစဉ်များ၊ ရေဒီယိုအစီအစဉ်များနှင့် ပြည်သူများ၏ သတင်း အရင်းအမြစ်များကို စစ်တပ်က တိုက်ရိုက်ထိန်းချုပ်ထားဆဲဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း၊ အပိုဒ် ၁၉။




# ၃။ လွတ်လပ်စွာ အသင်းဖွဲ့ စည်းခွင့်နှင့် စုဝေးခွင့်

ကျနော်တို့အားလုံးတွင် လွတ်လပ်စွာစုဝေးခွင့်နှင့် အများပြည်သူရှေ့တွင် ငြိမ်းချမ်းစွာ စုဝေးခွင့်ရှိသည်။

## ဆိုလိုသည်မှာ

အများပြည်သူရှေ့မှောက်တွင်ဖြစ်စေ သို့မဟုတ် ပြည်သူရှေ့မှောက်၌မဟုတ်လျှင်ဖြစ်စေ ငြိမ်းချမ်းစွာ စုဝေးခွင့်သည် သင့်အခွင့်အရေးဖြစ်သည်။ အစိုးရ၏ လွှမ်းမိုးမှုမှကင်းသည့် အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားခွင့်နှင့် ထိုကဲ့သို့ သော အဖွဲ့အစည်းများဖွဲ့စည်းခွင့် ရှိရမည်။ အစိုးရ၏ ခွင့်ပြုချက် သို့မဟုတ် ကြည့်ကြပ်မှု ရယူစရာမလိုပဲ လူမှုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များအတွက် စုဝေးရန် စီစဉ် ဆောင်ရွက်နိုင်သည်။ အခြားသူများနှင့် လွတ်လပ်စွာ စုဝေးတိုင်ပင်ခွင့်သည် သင့် အခွင့်အရေးဖြစ်သောကြောင့် သင့် စိုးရိမ်ချက်များ၊ လုပ်ဆောင်နေသည့်အရာများနှင့် နိုင်ငံရေးလှုပ်ရှားမှုများကို အများပြည်သူကို အသိပေးမျှဝေခွင့်ရှိသည်။

## သင့်ကိုယ်သင် ဤမေးခွန်းများ မေးကြည့်ဖူးပါသလား။




- နိုင်ငံရေးအကြောင်းဆွေးနွေးရန် မည်သူ့ကိုမဆို သင်တွေ့ခွင့်ရှိပါသလား။
- သင်ကိုယ်တိုင် လူထုအခြေပြုအဖွဲ့အစည်းဖွဲ့စည်းခွင့်၊ မှတ်ပုံတင်ခွင့်ရှိပါသလား။
- အစိုးရက အမှားများလုပ်ဆောင်နေသည်ဟု သင်ထင်မြင်ယူဆ၍ အများနှင့်အတူ ဆန္ဒထုတ်ဖော်ပွဲများတွင်ပါဝင်ခွင့်ရှိပါသလား။
- သင်ကိုယ်တိုင် လူထုစုဝေးပွဲများနှင့် ဆန္ဒထုတ်ဖော်ပွဲများ လုပ်ဆောင်ခွင့်ရှိပါ သလား။
- လွတ်လပ်၍ ဘက်မလိုက်သော ပြည်တွင်းအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်း များတွင် ပါဝင်ခွင့်ရှိပါသလား။ ။

# လူ့အခွင့်အရေး ချိုးဖောက်မှု သာဓကများ

၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၈ ကို အသုံးပြု၍ လူ့အခွင့်အရေး လှုပ်ရှားသူများအား ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပွဲများ လုပ်ဆောင်ရန် ခွင့်ပြုချက်ငြင်းပယ်ပြီး၊ ခွင့်ပြုချက်ရယူခြင်းမရှိပဲ လုပ်ဆောင်သူများကို ဖမ်းဆီး အကျဉ်းချမှုများ ပြုလုပ်သည်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ထိပါးနှောက်ယှက်ခံကြရပြီး၊ အမျိုးသမီး အရေးလှုပ်ရှားသူများ လိင်ပိုင်းဆိုင်ရာအရ ထိပါး နှောင့်ယှက်ခံကြရသည်။ လူထု အခြေပြုအဖွဲ့အစည်းများ မှတ်ပုံတင်ခွင့်ဆိုင်ရာ စည်းမျဉ်းများကို တင်းကြပ်စွာ ချမှတ် ထားသည်။ ထိုစည်းမျဉ်းများကို ချိုးဖောက်မိပါက ထောင်ချခံရနိုင်သည့် အန္တရာယ်ဖြင့် ကြုံရမည့်အကြောင်း ခြိမ်းခြောက်ထားသည်။

မြန်မာပြည်တွင် အလုပ်သမားသမဂ္ဂကို မှတ်ပုံတင်ရန် အခက်အခဲများစွာရှိနေသေးသည်။ အလုပ်သမား အခွင့်အရေးလှုပ်ရှားသူများနှင့် ဆန္ဒပြသည့် အလုပ်သမားများသည် မကြာခဏဖမ်းဆီးခံကြရသည်။

စစ်ထောက်လှမ်းရေးနှင့် အထူးရဲတပ်ဖွဲ့ (Special Branch Police) များက လူထုအခြေပြု အဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားသူများအား စောင့်ကြည့်ခြင်း၊ နောက်လိုက်ခြင်းနှင့် စစ်ကြော မေးမြန်းခြင်းများပြုလုပ်လေ့ရှိသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၂၀ နှင့် ၂၃။

# ဖြစ်ရပ်လေ့လာချက် - ၂၀၁၅ ကျောင်းသားဆန္ဒပြပွဲ

မြန်မာပြည် လွှတ်တော်က စက်တင်ဘာလ ၂၀၁၄ တွင် အတည်ပြုလိုက်သော အမျိုးသား ပညာရေး ဥပဒေကို မလိုလားသဖြင့် ထိုဥပဒေကိုပြောင်းလဲရန် ကျောင်းသားများက ၂၀၁၅ အစောပိုင်းမှ စတင်ကာ မန္တလေးမှ ရန်ကုန်သို့ချီတက် ဆန္ဒပြပွဲများ လုပ်ဆောင်လာခဲ့ သည်။ ဥပဒေပြောင်းရန် ကျောင်းသားများတောင်းဆိုသော အချက် ၁၁ ချက်တွင် ကျောင်းသားသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုရန်၊ လူမျိုးစု တိုင်းရင်းသားဒေသများ တွင် သူတို့ မိခင်ဘာသာစကားဖြင့် ပညာသင်ကြားခွင့်ပြုရန်၊ တက္ကသိုလ်များကို ပိုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန်နှင့် နိုင်ငံတော်ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းကို ပညာရေးတွင် အသုံးပြုရန် အချက်များပါဝင်သည်။

ပညာရေးဥပဒေကို ဖေဖော်ဝါရီလ ၂၈ ရက်နောက်ဆုံးထား၍ ပြောင်းလဲပြင်ဆင်မှုပြုလုပ်ရန် ကျောင်းသားများ၏ တောင်းဆိုချက်ကို အစိုးရဘက်က မလုပ်ဆောင်ပေးခဲ့။ ထို့ကြောင့် ဆန္ဒပြပွဲများ ဆက်လုပ်ခဲ့ကြသည်။ လက်ပံတောင်းနှင့် ပဲခူးတိုင်းမှ ဆန္ဒပြကျောင်းသားများကို ဘုန်းကြီးကျောင်းတွင် တားဆီးထားပြီး ရန်ကုန်သို့ မချီတက်နိုင်အောင် တားခဲ့ကြသည်။ ကျောင်းသားများနှင့် သွေးစည်းညီညွတ်မှုကိုပြသရန် ရန်ကုန်နှင့် အခြားမြို့များတွင် ငြိမ်းချမ်းစွာဆန္ဒပြပွဲများကို မတ်လ အစပိုင်းတွင် လုပ်ဆောင်ခဲ့ကြသည်။

မတ်လ ၅ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ ငြိမ်းချမ်းစွာဆန္ဒပြနေသော ကျောင်း သားများကို ရဲက အကြမ်းဖက်နှိမ်နင်းသဖြင့် အများအပြား ဒါဏ်ရာရှိက ၈ ဦး အဖမ်းခံ ခဲ့ရသည်။ မတ်လ ၆ ရက် နံနက်ပိုင်းအရောက်တွင် လက်ပံတောင်းရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းဘေးတွင်ကျင်းပနေသော ဆန္ဒပြကျောင်းသားများနှင့် ၎င်းတို့ကို ထောက်ခံ သူများအား လူစုခွဲနှိမ်နင်းခဲ့ပြန်သည်။ ကျောင်းသား ၅ ယောက်ကို ဖမ်းဆီးခဲ့သည်။

မတ်လ ၁၀ ရက်တွင် လက်ပံတောင်းက ဆန္ဒပြသူများအား ရန်ကုန်သို့ချီတက်ခွင့်ပြုမည်ဟု အာဏာပိုင်များက အစောပိုင်းသဘောတူခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင်များနှင့် စွမ်းအားရှင် အဖွဲ့ဝင်များက ငြိမ်းချမ်းစွာစုဝေးနေသော လက်နက်မဲ့ ဆန္ဒပြသူများအား ပိုင်းရံထား ကြပြီး ရက်စက်စွာတိုက်ခိုက်ခဲ့ကြသည်။ ဒါဏ်ရာရ ဆန္ဒပြကျောင်းသားများ၊ ဘုန်းကြီးများ နှင့် ဆန္ဒပြပွဲကို လာရောက်အားပေးသူများအား ရဲများက ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ကျောင်းသား တစ်ရာကျော် ဖမ်းဆီးခံရပြီး အများအပြားဒါဏ်ရာ ရရှိကြသည်။

ထိုသို့ဖြစ်ပြီး တစ်နှစ်အကြာ မတ်လ ၂၀၁၆ တွင် ကျောင်းသားအများအပြား ထောင်ချခံ ကြရပြီး၊ တစ်ချို့မှာ စီရင်ချက် စောင့်ဆိုင်းနေရဆဲဖြစ်သည်။ ဧပြီလ ၂၀၁၆တွင် ဆန္ဒပြ ကျောင်းသားများ ထောင်မှလွတ်မြောက်ခဲ့သည်။




# ၄။ လွတ်လပ်မှုနှင့် လူ့ ဂုဏ်သိက္ခာ ကျင့်ဝတ်ဖြင့်နေနိုင်ခွင့်

> ကျနော်တို့အားလုံးသည် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကျွန်ပြုခံရခြင်း၊ ရက်စက်ခံရခြင်း၊ လူမဆန်စွာ နှိမ်ချဆက်ဆံခံရခြင်းမှကင်းလွတ်၍ ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်ဖြင့် သမာသမတ် ကျစွာ နေထိုင် ရပ်တည်ခွင့်ရှိသည်။

## ဆိုလိုသည်မှာ

အစိုးရဝန်ထမ်းနှင့် ဖြစ်စေ၊ စစ်တပ်နှင့် ဖြစ်စေ သို့မဟုတ် ရဲတပ်ဖွဲ့နှင့် ဖြစ်စေ မည်သူ တစ်ဦးတစ်ယောက်နှင့် ဖြစ်စေဆက်ဆံလျှင် သင့်အား လူသားတစ်ဦးအနေဖြင့် လေးစားမှု အပြည့်ဖြင့် ဆက်ဆံရမည်။ မည်သူမှ သင့်ကို ကိုယ်ထိလက်ရောက် ထိခိုက်နစ်နာစေခြင်း မပြုရ။ လူသားဆန်စွာနှင့် ဂုဏ်သိက္ခာကို လေးစားစွာ ဆက်ဆံခံရမည့် အခွင့်အရေး သင့်တွင်ရှိသည်။ သင့်ကို ခေါင်းပုံဖျက်အမြတ်ထုတ်ခြင်း မပြုရ။ အလုပ်နှင့် ပတ်သက်၍ လည်း အလုပ်ရှင်နှင့် အလုပ်သမား သဘောတူထားချက်ပေါ် အခြေခံကာ ထိုက်သင့်သည့် လုပ်ခလစာကို မျှတစွာပေးရမည်။ လူတိုင်းတွင် အလုပ်မှအနားယူခွင့်၊ ကျိုးကြောင်း ညီညွတ်သော အလုပ်ချိန်ရှိခွင့် အပါအဝင် လစာမဖြတ်သော အားလပ်ရက်များယူခွင့် ရှိသည်။

## သင့်ကိုယ်သင် မေးကြည့်ဖူးပါသလား။

- အစိုးရ၊ စစ်တပ် သို့မဟုတ် ရဲအဖွဲ့၏ မတရားဆက်ဆံခံရသူ တစ်ဦး တစ်ယောက်ကို သိပါသလား။
- သင့်မိသားစုဝင် သို့မဟုတ် သင့်အသိတစ်ဦးထဲမှ ရဲ၏ ရိုက်နှက်ခံရသူ သို့မဟုတ် အကျဉ်းထောင်တွင် ညှဉ်းပန်းနှိပ်စက်ခံရသူ ရှိပါသလား။
- မိမိကော စစ်တပ် သို့မဟုတ် ရဲကို ကြောက်ပါသလား။
- သင့်အသိတစ်ဦး သို့မဟုတ် မိမိကိုယ်တိုင် အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခံရဖူးပါသလား။
- မြန်မာပြည်က အလုပ်သမားများ မျှတသော လုပ်ခလစာ ရရှိကြပါသလား။
- မိမိကို အလုပ်ချိန်သတ်မှတ်ချက်နှင့် စနေ၊တနင်္ဂနွေတွင် အနားယူခွင့်၊ လုပ်ခလစာ မဖျက်ပဲ အားလပ်ရက်ခံစားခွင့် ရရှိပါသလား။

# အခွင့်အရေးချိုးဖောက်မှု သာဓကများ

- နိုင်ငံရေးအကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းခံရသည်။ မြန်မာစစ်တပ်က သူတို့ စခန်းချရာ တပ်စခန်းများအတွက် ဒေသခံရွာသားများအား ပေါ်တာထမ်းခိုင်းခြင်း၊ လမ်းပြလုပ်ခိုင်းခြင်း၊ ရေသယ်ခိုင်းခြင်းနှင့် နယ်မြေရှင်းခိုင်းခြင်းစသော အတင်းအဓမ္မ လုပ်အားပေး ခိုင်းစေမှုပြုလုပ်သည်။
- အစိုးရ၏ လုံခြုံရေးဆိုင်ရာ အရာရှိများက ပြည်သူကို သူတို့၏ နိုင်ငံရေးခံယူချက် ကြောင့်ဖြစ်စေ၊ နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့်ဖြစ်စေ သို့မဟုတ် တိုင်းရင်းသား လူမျိုးစုအဖွဲ့ဝင် သို့မဟုတ် ဘာသာရေးအဖွဲ့ဝင် ဖြစ်နေခြင်းကြောင့် မတရားခွဲခြား ဆက်ဆံကြသည်။
- ၂၀၁၅တွင် ကျောင်းသားများအား တိုက်ခိုက်ရန် အစိုးရက စွမ်းအားရှင်ကဲ့သို့သော တပ်ဖွဲ့ကို အသုံးပြုသည်။
- ၂၀၁၅ ခုနှစ်တွင် ပထမဦးဆုံးအနေဖြင့် အနည်းဆုံးလုပ်ခလစာ သတ်မှတ်ခဲ့သော်လည်း ၎င်းလုပ်ခလစာသည် အလုပ်သမားတစ်ဦး၏ အခြေခံစားဝတ်နေရေးကို ဖြည့်ဆည်းရန် မလုံလောက်ပါ။
- မြန်မာပြည်က အလုပ်သမားများသည် အပတ်တိုင်း အချိန်ပိုလုပ်ရန် အတင်းဖိအားပေး ခံရကာ၊ များသောအားဖြင့် အချိန်ပိုလုပ်အားခ မရရှိကြပါ။ လုပ်ခမဖြတ်တောက်ပဲ အနားယူခွင့်လည်း မခံစားကြရပေ။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၄၊ ၅၊ ၂၃ နှင့် ၂၄။





# ၅။ မြေယာပိုင်ဆိုင်ခွင့်

သင့်ပိုင်ဆိုင်မှုကို သင်ပိုင်ဆိုင်ဖို့ အခွင့်အရေးရှိသည်။ သင့်ကိုယ်ပိုင်မြေကို မည်သူမှ သင်၏ ခွင့်ပြုချက်မရပဲ သိမ်းပိုင်ခွင့်မရှိ။

## ဆိုလိုသည်မှာ

ပုဂ္ဂလိက ကုမ္ပဏီ သို့မဟုတ် တပ်မတော်က သင်နေထိုင်နေသော မြေကို သိမ်းပိုင်ခွင့်မရှိပါ။ သင့်ကို ထိုမြေမှ အတင်းမောင်းထုတ်ခွင့်မရှိပါ။ သတ္တုတူးဖော်ရေး သို့မဟုတ် ဆည်မြောင်း တည်ဆောက်ရေးကဲ့သို့သော  စီမံကိန်းအကြီးစားများကို သင့်နေရာတစ်ပိုက်တွင် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီက ပြုလုပ်လိုလျှင် သင်နှင့် ကောင်းမွန်စွာ တိုင်ပင်ဆွေးနွေး ရမည်ဖြစ်ပြီး၊ သူတို့ သင့်မြေကို ရယူရန်လိုအပ်ပါက လျော်ကြေး ပေးရန်လိုသည်။ စီမံကိန်းကြောင့် ထိခိုက်ခံရနိုင်သည့် ဒေသခံလူထုအားလုံးနှင့် တိုင်ပင်ဆွေးနွေးပြီး ပွင့်လင်းမြင်သာသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကျိုးဆက်ဖြစ်ဆိုင်ရာများ စုံစမ်းလေ့လာချက် လုပ်ဆောင်ရမည်။

## သင့်ကိုယ်သင် မေးကြည့်ဖူးပါသလား။

- မိမိနေထိုင်နေသော မြေကို အစိုးရက သိမ်းပိုက်ခွင့် ရှိပါသလား။
- ဒေသတစ်ခုတွင် ဆည်မြောင်းတည်ဆောက်ရေးကဲ့သို့သော စီမံကိန်းများ မစတင်ခင် ဒေသခံလူထုနှင့် တိုင်ပင်ဆွေးနွေးမှုမျိုးရှိပါသလား။
- ပြည်တွင်းနှင့် နိုင်ငံတကာ ကုမ္ပဏီက ဒေသတစ်ခုခုတွင် သတ္တုတူးဖော်ရေး သို့မဟုတ် ဆည်တည်ဆောက်သည့် စီမံကိန်းလုပ်ဆောင်လာလျှင် ထိုဒေသတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်လာပါသလား။
- မိမိဒေသတွင် ထိုကဲ့သို့သော စီမံကိန်းသစ် လုပ်ဆောင်လာလျှင် ဆန့်ကျင် ဆန္ဒပြခွင့် ရှိပါသလား။

# အခွင့်အရေး ချိုးဖောက်မှု သာဓကများ



- နိုင်ငံတော်က မြေအားလုံးကို ပိုင်ဆိုင်ထားပြီး၊ အမျိုးသားအကျိုးစီးပွားအတွက် စီမံကိန်း ဟူသော အကြောင်းပြချက်ဖြင့် သိမ်းပိုက်ခွင့်ရှိသည်။
- အစိုးရသည် သတ္တုတူးဖော်ရေးနှင့် သယံဇာတတူးဖော်ရေး၊ ရေကာတာ တည်ဆောက်ရေးစသည့် စီမံကိန်းများကို အကြောင်းပြု၍ လုံလောက်သော လျော်ကြေးမပေးပဲ မြေများ သိမ်းပိုက်သည်။ ဥပမာ- ဟတ်ကြီးနှင့် မြစ်ဆုံရေကာတာ။
- မြန်မာပြည်တစ်ဝန်းရှိ လယ်သမားများနှင့် မြေယာဆိုင်ရာ အခွင့်အရေးလှုပ်ရှားသူများသည် ထိပါးနှောက်ယှက်ခံ၊ ဖမ်းဆီးခံကြရသည်။
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၄၊ ၅၊ ၂၃ နှင့် ၂၄။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၁၇။

# ဖြစ်ရပ်လေ့လာချက်

လက်ပံတောင်း ကြေးနီသတ္တုတွင်းတွင် တက်ကြွလှုပ်ရှားသူများအား ထိပါးနှောင့်ယှက်ခြင်း၊ ဖမ်းဆီးခြင်းနှင့် သတ်ဖြတ်ခြင်း

စစ်ကိုင်းတိုင်းရှိ လက်ပံတောင်း ကြေးနီစီမံကိန်းသည် တရုတ်ဝန်ပေါင် ကုမ္ပဏီ၊ မြန်မာဦးပိုင် ကုမ္ပဏီနှင့် မြန်မာအစိုးရတို့ ပူးပေါင်းလုပ်ဆောင်နေသော လုပ်ငန်းဖြစ်သည်။ ထိုစီမံကိန်းကြောင့် မြေသိမ်းမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်လာသည်နှင့် အတူ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား ဖမ်းဆီးနှိပ်ကွပ်သည့် မှုဂါဒများကိုလည်း အကောင် အထည်ဖေါ်ဆောင်ရွက်လာသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် လက်ပံတောင်းစီမံကိန်းကို ကန့်ကွက်သူ ဒေါ်ခင်ဝင်းသည် အပစ်သတ်ခံခဲ့ရသည်။မြေယာပိုင်ဆိုင် အခွင့်အရေးလှုပ်ရှားသူများက တရုတ်သံရုံးရှေ့တွင် ဆန့်ကျင် ဆန္ဒပြကာ၊ ဒေါ်ခင်ဝင်းအမှုကို စုံစမ်းစစ်ဆေးရန် မြန်မာအစိုးရအား တိုက်တွန်း ရာတွင် တချို့အဖမ်းခံရသည်။ ဖမ်းဆီးခံရသူများတွင် ဒီမိုကရေစီနှင့် အမျိုးသမီး ငြိမ်းချမ်းရေးကွန်ယက်၏ ဦးဆောင်အဖွဲ့ဝင် ဒေါ်နော်အုန်းလှလည်း ပါဝင်သည်။ သူသည် အရင်ကလည်း အကြိမ်ကြိမ် ထောင်ချခံခဲ့ရဖူးသည်။ သူ့ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခြောက်နှစ် ချမှတ်လိုက်သည်။ဧပြီလ၂၀၁၆တွင် ဒေါ်နော်အုန်းလှ ထောင်မှလွတ်မြောက်ခဲ့သည်။ လက်ပံတောင်းအရေးကြောင့် လှုပ်ရှားသူ အများအပြား ဖမ်းဆီးအကျဉ်းချခံခဲ့ကြရသည်။



Credit: Fortify Rights

# ၆။ လူနည်းစု အခွင့်အရေး

လူမျိုး၊ ကိုးကွယ်ရာနှင့် ဘာသာစကားဆိုင်ရာအရ လူနည်းစုများကလည်း သူတို့နှင့် အတူနေထိုင်သည့် မတူညီသော အခြားလူမျိုးစုများကဲ့သို့ သူတို့၏ ယဉ်ကျေးမှုအခွင့်အရေး၊ ဘာသာစကား အသုံးပြုခွင့်နှင့် သူတို့ယုံကြည်ရာကို ကိုးကွယ်နိုင်ခွင့် ရှိသည်။

## ဆိုလိုသည်မှာ

သင်သည် မည်သည့် လူမျိုးဖြစ်နေပါစေ သင့်လူမျိုး၏ ဘာသာစကားကို ပြောဆိုခွင့် ရှိသလို၊ သင့်လူမျိုးသမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဓလေ့အကြောင်း လေ့လာခွင့်ရှိသည်။ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်ကဲ့သို့သော အာဏာပိုင်များက သင့်ကို လူမျိုးပေါ် အခြေခံ၍ ထိပါးနှောက်ယှက်ခွင့်မရှိပါ။ သင်ယုံကြည်ရာ ဘာသာကို ကိုးကွယ်ခွင့်လည်း ရှိသည်။ အစိုးရအနေဖြင့် လူမျိုးရေး၊ ဘာသာရေး အမုန်းတရားဖြန့်ဝေ ပြောဆိုခြင်း မလုပ်သင့်ပေ။ အမုန်းတရား ပြောကြားသူများအား အားပေးအားမြှောက်မပြုသင့်။

## သင့်ကိုယ်သင် မေးကြည့်ဖူးပါသလား။

- မြန်မာပြည်သူတိုင်း သူတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့များကို အသုံးပြုခွင့်ရကြပါရဲ့လား။
- ဗမာမဟုတ်သော လူမျိုးစုများက ကျောင်းပညာကို သူတို့ဘာသာစကားဖြင့် သင်ကြားခွင့် ရကြပါသလား။
- တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းပေးထားပါသလား။
- မြန်မာပြည်သူတိုင်း သူတို့ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် ထုတ်ဖော်ခွင့်ရှိကြပါသလား။
- တိုင်းရင်းသားပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရကြပါသလား။

# အခွင့်အရေး ချိုးဖောက်မှု သာဓကများ

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက လူနည်းစုလူမျိုးများ၏ အခွင့်အရေးကို အကာအကွယ်ပေးမထားပါ။
- ဘာသာရေးအရ လူနည်းစုများကို မုန်းတီးအောင်လှုံ့ဆော်သည့် အမုန်းစကား ပြန့်ပွားမှုကို အစိုးရက ခွင့်ပြုထားပြီး၊ ဗုဒ္ဓဘာသာကို စော်ကားသည်ဟုဆိုသူများကို ဖမ်းဆီး အရေးယူမှု လုပ်သည်။
- မြန်မာ့တပ်မတော်သည် ပြည်တွင်းလူမျိုးစုအဖွဲ့များနှင့် နှစ်ပေါင်းများစွာ စစ်ပွဲများ ဆင်နွှဲလာခဲ့သည်မှာ ယခု ၂၀၁၆ ခုနှစ်အချိန်ထိဖြစ်သည်။
- လွတ်လပ်ရေးရပြီးချိန်မှစ၍ ဗမာအစိုးရအဆက်ဆက်သည် ဗမာလူမျိုးကြီးဝါဒနှင့် တိုင်းရင်းသားများအား ဗမာမှုပြုရေးဝါဒကို ကြမ်းတမ်းစွာ လုပ်ဆောင်လာခဲ့သည်။
- ကိုလိုနီကာလတွင် ပြဋ္ဌာန်းခဲ့သော မတရားအသင်းနှင့် ဆက်သွယ်ရေး အက်ဥပဒေ ပုဒ်မ ၁၇(၁) ကို အသုံးပြု၍ နိုင်ငံရေးအတိုက်အခံများ၊ အထူးသဖြင့် လူနည်းစုတိုင်းရင်းသား နိုင်ငံရေးအဖွဲ့များကို ဖိနှိပ်လေ့ရှိသည်။ ထိုပုဒ်မဖြင့် သမ္မတက တရားမဝင်အဖွဲ့ အဖြစ်သတ်မှတ်ထားသော မည်သည့်အဖွဲ့အစည်းနှင့်မဆို ဆက်ဆံမိလျှင် ထောင်ဒဏ် နှစ်နှစ်မှ သုံးနှစ်ထိနှင့် ဒဏ်ငွေလည်း ချမှတ်နိုင်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၁၈၊ ၂၂ နှင့် ၂၇။

လူမျိုး (သို့မဟုတ်) တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကားလူနည်းစုအဖြစ် အကျုံးဝင်သူများ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း အပိုဒ် ၁၊ ၂၊ ၄ နှင့် ၅။

# ဖြစ်ရပ်လေ့လာချက်

ကချင်ဆရာမနှစ်ဦးအား မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ခြင်း

ကချင်ခရစ်ယာန်နှစ်ခြင်းအသင်းချုပ်မှ ဆရာမနှစ်ဦးဖြစ်သည့် မရန်လုရာ(အသက် ၂၀) နှင့် တန်ဘောင်ခေါ်န်နန်စင်(၂၁ နှစ်)တို့ကို ဇန်နဝါရီလ ၂၀၁၅တွင် ဗမာ့တပ်မတော်က ရက်စက်စွာမုဒိမ်းကျင့်ပြီး သတ်ဖြတ်လိုက်ကြသည်။ ထိုအဖြစ်အပျက် ရှမ်းပြည်နယ် မြောက်ပိုင်း ကောင်းခါးကျေးရွာတွင် ဖြစ်ခဲ့သည်။ ထိုအရပ်တွင် မြန်မာ့တပ်မတော်က ကချင်လွတ်လပ်ရေးတပ်မတော် (Kachin Independence Army) နှင့် ချုပ်ဆိုထားသော ၁၇ နှစ်အကြာ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ပြီးနောက် နှစ်ဘက်တပ်များကြား တိုက်ခိုက်မှု အရှိန်မြင့်လာခဲ့သည်။ ဆရာမနှစ်ဦးအမှုအတွက် မည်သူကိုမျှ တရားစွဲဆို အရေးယူခြင်းမပြုလုပ်ခဲ့ပါ။

မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သော မြန်မာစစ်သားများသည် အရေးယူမခံရပဲ ဆက်ပြီးကျူးလွန်နိုင်ကြသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက သူတို့ကို အကာအကွယ်ပေးထားသောကြောင့်ဖြစ်သည်။ မြန်မာ့တပ်မတော်က လူမျိုးစု နိုင်ငံရေးအဖွဲ့များအား ခြေမှုန်းသည့်စစ်တွင် တိုင်းရင်းသားလူမျိုးစု အမျိုးသမီးများအား ပစ်မှတ်ထားကာ လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်ခဲ့သည့်အကြောင်းများကို မြန်မာပြည်ရှိ အမျိုးသမီးအဖွဲ့များက မှတ်တမ်းတင်ကာ အစီရင်ခံစာထုတ်ပြန်ခဲ့ကြသည်မှာ ဆယ်စုနှစ်နှင့်ချီနေပြီဖြစ်သည်။ ထိုအစီရင်ခံစာပါ သက်သေများသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်ကိုဆန့်ကျင်သည့်ပြစ်မှု မြောက်ကြောင်း ဖော်ပြနေသည်။ မှတ်တမ်းတင် နိုင်ခဲ့သော အမှုများမှာ အနည်းအကျဉ်းမျှသာ ရှိသေးသည်။ သမ္မတဦးသိန်းစိန် လက်ထက် တွင် ထိုသို့သော အဖြစ်အပျက်များ ဆက်လက် ဖြစ်နေဆဲဖြစ်သည်။



# ၇။ ပညာသင်ကြားနိုင်ခွင့်

လူတိုင်း ပညာသင်ကြားနိုင်ခွင့်ရှိရမည်။ အခြေခံအဆင့်ပညာရေးမှာ အခမဲ့ဖြစ်သင့်သည်။ ထူးချွန်မှုပေါ်အခြေခံ၍ အဆင့်မြင့်ပညာရေးကို လူတိုင်းတက်ရောက်ခွင့်ရှိသင့်သည်။

## ဆိုလိုသည်မှာ

မူလတန်းအဆင့် အခြေခံပညာရေးသည် အားလုံးအတွက် အခမဲ့ဖြစ်သင့်သည်။ ကလေးတိုင်း ပညာသင်ကြားခွင့်ရှိသင့်သည်။ ကလေးများအတွက်ပေးလိုသော ပညာရေးကို မိဘများကရွေးချယ်ခွင့်ရှိရမည်။ ပညာရေးဖြင့် လူ့အခွင့်အရေးကို မြှင့်တင်ကာ မတူကွဲပြားသော နိုင်ငံသား၊ လူမျိုးများနှင့် ကိုးကွယ်ရာဘာသာဝင် အုပ်စုများကြား နားလည်မှုနှင့် သည်းခံခွင့်လွှတ်တတ်မှုကို အားကောင်းအောင် မြှင့်တင်ပေးသင့်သည်။

## သင့်ကိုယ်သင် မေးကြည့်ဖူးပါသလား။

- မြန်မာပြည်ရှိ ကလေးတိုင်း ပညာသင်ကြားခွင့် ရကြပါသလား။
- မြန်မာပြည်ပညာရေးသည် ကလေးငယ်များအတွက် အခမဲ့ဖြစ်ပါသလား။
- တက္ကသိုလ်ပညာရေးကို လူတိုင်းသင်ကြားခွင့်ရှိပါသလား။ သင်ကြားခွင့်ရဖို့ ကျောင်းသား၏ ထူးချွန်မှုကိုအခြေခံ၍ ရွေးချယ်ပါသလား။
- နိုင်ငံတော်၏ အခြားသောကဏ္ဍနှင့် နှိုင်းယှဉ်လျှင် အစိုးရက ပညာရေးအတွက် ငွေကြေးမည်မျှသုံးစွဲပါသလဲ။

## အခွင့်အရေးချိုးဖောက်မှု သာဓကများ

- မူလတန်းအဆင့်တွင်သာ မသင်မနေရပညာရေးအတွက် အခမဲ့သင်ခွင့်ရသည်။ မူလတန်းအတွက် အခမဲ့ဟုဆိုသော်လည်း ကျောင်းသားမိဘများက ကျောင်းအဆောက်



အဒုံကြေး၊ စာအုပ်ကြေးနှင့် ပရိဘောဂကြေးများထည့်ကြရသည်။ အမှန်မှာ ထိုသို့သော ထည့်ဝင်ကြေးများသည် ကျောင်းစရိတ်ဖြစ်ပြီး၊ မိဘများအနေဖြင့် သူတို့ ကလေးများကို ကျောင်းထားရန် ပို၍အခက်အခဲကြုံသည်။


Credit: Burma Campaign UK

- ကျေးလက်ဒေသများတွင် ကျောင်းအနည်းငယ်သာရှိသည်။ ကျောင်းအဆောက်အအုံ ထိန်းသိမ်းမှုအားနည်းပြီး၊ သင်ကြားမှုလည်းမကောင်းပါ။ ထို့ကြောင့် မိဘများက သူတို့ ကလေးများကို ကျောင်းတက်နိုင်းရန် ပို၍အခက်အခဲကြုံကြရသည်။ ကျောင်းသွားတက်ရန် သွားရသည့်ခရီးစရိတ်ကလည်း မြင့်မားလွန်းသည်။
- လူမျိုးစုတိုင်းရင်းသားများအတွက် ပညာရေးကို သူတို့ဘာသာစကားဖြင့် လေ့လာခွင့် မရရှိကြသောကြောင့် ကျောင်းတက်ရန် အခက်အခဲ ရင်ဆိုင်ကြရသည်။
- ကုလသမဂ္ဂ၏ အဆိုအရ မြန်မာပြည်တွင် ကလေးများ၏ ၅၇ ရာခိုင်နှုန်းသာ အလယ်တန်း အဆင့် ပညာသင်ကြားခွင့်ရရှိကြသည်။
- အရင်စစ်အစိုးရက ကျောင်းသားသပိတ်ဖြစ်မည်ကို စိုးရိမ်သောကြောင့် တက္ကသိုလ် ကျောင်းများကို နှစ်ပေါင်းများစွာ ပိတ်ထားခဲ့သည်။ တက္ကသိုလ်တက်မည့်အရွယ်ရောက် လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်သာ တက္ကသိုလ်ဘာသာရပ်များ လေ့လာခွင့်ရကြသည်။
- အရင် အစိုးရအဆက်ဆက်က ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ကဏ္ဍအားလုံး ပေါင်းတွင် အသုံးပြုသောငွေထက် စစ်တပ်အတွက် ပိုပြီးသုံးစွဲခဲ့သည်။ အန်အယ်ဒီ ဦးဆောင်သော အစိုးရလက်ထက်၌ပင် မြန်မာ့စစ်တပ်က ၎င်းသုံးစွဲငွေကို ကိုယ်တိုင် သတ်မှတ်ဆုံးဖြတ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၂၆။



Credit: HRW

# ၈။ ဥပဒေရှေ့မှောက်တွင် တန်းတူခွင့်နှင့် ဥပဒေကြောင်းအရ ခုခံကာကွယ်ပိုင်ခွင့်

ကျွန်ုပ်တော်တို့အားလုံးသည် ဥပဒေရှေ့မှောက်တွင် တန်းတူဖြစ်သည်။ မိမိကို ပြစ်မှုတစ်ခု အတွက် စွပ်စွဲခံရပါက၊ လူမျိုး၊ အသားအရောင်၊ လိင်ကွဲပြားမှု၊ လိင်စိတ်ခံယူမှု၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေးခံယူချက်၊ နိုင်ငံသားဖြစ်မှု သို့မဟုတ် မိမိဆင်းသက်လာရာ လူမှုအသိုင်းအဝိုင်း၊ ဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားရာနှင့် အခြားသော လူမှုအဆင့်အတန်းပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှု မရှိဘဲ ဥပဒေအရ
ပွင့်လင်းမြင်သာမှု နှင့် လွတ်လပ်ကာ ဘက်မလိုက်ဘဲ လူတိုင်းကို တန်းတူဆက်ဆံသည့် တရားစီရင်ရေး စနစ်တွင် ဥပဒေကြောင်းအရ မိမိကိုယ်ကို ခုခံကာကွယ်ခွင့်ရှိရမည်။

## ဆိုလိုသည်မှာ

သင့်ကို ဥပဒေတိုင်းမဟုတ်ဘဲ ဖမ်းဆီးခြင်းနှင့် ထောင်ချခြင်းမပြုရ။ သင့်ကို ဖမ်းဆီးပါက၊ ဖမ်းဆီးသူ အစိုးရ အာဏာပိုင်က ဖမ်းဆီးရသည့် အကြောင်းအရင်းကို ပြောပြရမည်ဖြစ်ပြီး၊ သင့်ကိုယ်သင် ဥပဒေကြောင်းအရ ကာကွယ်ခွင့်ရှိသည်။ တရားရုံးတွင် ခုခံကာကွယ်ခွင့် အတွက် ရှေ့နေခေါ်ယူခွင့်ရှိသည်။ သင့်ကို လွတ်လပ်ပြီး၊ ဘက်လိုက်မှုမရှိဘဲ စွမ်းရည် ရှိသည့် တရားရုံးတွင်သာ ကြားနာဆုံးဖြတ်ပေးရန် အခွင့်ရှိသည်။

## သင့်ကိုယ်သင် မေးကြည့်ဖူးပါသလား။

- လူများအဖမ်းခံရပါက သူတို့အား ဖမ်းရသည့် အကြောင်းကို ပြောပါသလား။
- အဖမ်းခံရစဉ် သူတို့အား ဥပဒေအရ ခုခံပိုင်ခွင့်နှင့် ထိခိုက်နစ်နာမှုမပြုကြောင်း အာမခံချက်ပေးပါသလား။
- တရားစီရင်မည့် ရက်စွဲကို ချက်ချင်း အသိပေးပါသလား။
- ဥပဒေရှေ့မှောက် သို့မဟုတ် တရားစီရင်ရာတွင် လူတိုင်းကို တန်းတူ ဆက်ဆံပါသလား။
- တရားမျှတမှုနှင့် ဥပဒေအတိုင်း မည်သူ့လွှမ်းမိုးမှုမှမခံရပဲ လွတ်လပ်ပြီး ဘက်မလိုက်သည့် တရားရုံးရှိပါသလား။




Credit: Burma Campaign UK

## အခွင့်အရေး ချိုးဖောက်မှု သာဓကများ



- ဥပဒေအတိုင်းမဟုတ်သည့် ဖမ်းဆီးမှုများနှင့် မမှန်ကန်သော စွဲဆိုချက်များဖြင့် တရားစီရင်ခံရသောသူများရှိသည်။
- တရားစီရင်ခြင်းမပြုဘဲ ထောင်ချခံရသူများရှိသကဲ့သို့ တစ်ချို့မှာ သူတို့တရားစီရင်ရေး မဆုံးခင် အမှုတစ်ခုပြီး တစ်ခုထပ်တိုးစွဲဆိုခံကြရသည်။ ထို့ပြင် ထောင်သွင်းရောက်နေစဉ် အရင်အတိတ်ကာလက အမှုများဖြင့်လည်း ပြန်စွဲဆိုမှုများရှိသည်။
- ဖမ်းဆီးခံရသည့် အမှုအများအပြားတွင် နိုင်ငံရေးအရ မရိုးမသား ကြံရွယ်ချက်ပါရှိနေပြီး၊ အစိုးရကို ထောက်ခံသူများက ဖမ်းဆီးခံရခြင်းမှ လွတ်မြောက်ခွင့်ရကြသည်။ ဥပမာ - မွတ်ဆလင်မုန်းတီးရေး ပြောဆိုဖြန့်ဝေသူများ အဖမ်းမခံရသော်လည်း ဗုဒ္ဓဘာသာကို ဝေဖန်သူအဖြစ် စွပ်စွဲခံရသူများ ဖမ်းခံကြရသည်။
- တပ်မတော်အဖွဲ့ဝင်များ ပြစ်မှုကျူးလွန်သော်လည်း ပြစ်ဒါဏ်မှ လွတ်ငြိမ်းခွင့်ရရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားသည်။ သူတို့ တာဝန်ထမ်းဆောင်စဉ် ကျူးလွန်သော ပြစ်မှုများအတွက် တာဝန်ခံမှုမှ ကင်းလွတ်ခွင့်ရရှိထားကြသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁ နှင့် ၁၂။



# ၉။ ကျား၊မ တန်းတူခွင့်

အမျိုးသမီးနှင့် အမျိုးသားများသည် လူ့အခွင့်အရေးနှင့် လွတ်လပ်မှုကို တန်းတူခံစားခွင့် ရှိသည်။ ဥပဒေအရ အမျိုးသမီးများအား ဖိနှိပ်ခွဲခြားဆက်ဆံခြင်း မပြုလုပ်ရ။ သူတို့၏ နိုင်ငံရေးအခွင့်အရေးကို ရုတ်လျော့သွားအောင် မလုပ်သင့်ပါ။

## ဆိုလိုသည်မှာ

ဥပဒေရှေ့မှောက်တွင် အမျိုးသမီးနှင့် အမျိုးသားကို တန်းတူဆက်ဆံရမည်။ အမျိုးသားများကဲ့သို့ အမျိုးသမီးများလည်း လူမှုလုပ်ငန်းနှင့် နိုင်ငံ့တာဝန်ကို တန်းတူ ထမ်းဆောင်နိုင်ခွင့်ရှိသည်။ သူတို့ လက်ထပ်လိုသူနှင့် လက်ထပ်ခွင့်ရှိသလို၊ လက်မထပ်ပဲလည်း နေခွင့်ရှိသည်။ ကလေးဘယ်နှစ်ယောက်ယူမည်ကိုလည်း သူတို့ ဆုံးဖြတ်ခွင့်ရှိသည်။

## သင့်ကိုယ်သင်မေးကြည့်ဖူးပါသလား။

- မြန်မာပြည်တွင်းက နိုင်ငံရေးရာထူးများကို အမျိုးသမီးတိုင်း ရယူခွင့်ရှိပါသလား။
- အမျိုးသမီးများ၏ လက်ထပ်ခွင့်နှင့်ဆိုင်၍ တင်းကြပ်ထားသော ဥပဒေများ ရှိပါသလား။ ရယူနိုင်သည့် ကလေးအရေအတွက်ကို ကန့်သတ်ထားမှုရှိသလား။
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရသော အမျိုးသမီးများ တရားမျှတမှု ရရှိကြပါသလား။ သူတို့ကို ကူညီပံ့ပိုးမှု ရှိသလား။

## အခွင့်အရေးချိုးဖောက်မှု သာဓကများ

- ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တစ်ချို့ နိုင်ငံရေးရာထူးများကို အမျိုးသမီးများ ရယူခွင့်မရှိပါ။ "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဂန်ထမ်း ရွေးချယ်တာဂန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဂန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။"(အခန်း ၈၊ အပိုဒ် ၃၅၂)
- လူမျိုးစုတိုင်းရင်းသားနိုင်ငံရေးအဖွဲ့များအား တိုက်ခိုက်သည့်စစ်ပွဲအဖြစ် လူနည်းစု တိုင်းရင်းသားအမျိုးသမီးများကို မုဒိမ်းမှုဖြင့် တိုက်ခိုက်ကျူးလွန်သော်လည်း အရေးယူခံရခြင်းမရှိပါ။
- ဧပြီလ ၂၀၁၆အချိန်ထိ လင်မယားကြား အလိုမတူလိင်ဆက်ဆံခြင်း သို့မဟုတ် မုဒိမ်းမှုကို တရားဂင်ခွင့်ပြုထားဆဲဖြစ်သည်။
- တန်းတူအခွင့်အရေးအတွက် လှုပ်ရှားတက်ကြွသူအမျိုးသမီးများကို ခြိမ်းခြောက်ခြင်းနှင့် မတော်မတရား စာများဖြင့် စော်ကားခြင်းများရှိနေဆဲဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၂ နှင့် ၁၆။



## ဗုဒ္ဓဘာသာဝင် အမျိုးသမီးများအတွက် အထူးထိမ်းမြှားခြင်းဆိုင်ရာ ဥပဒေ

၂၀၁၅ တွင် ပြဋ္ဌာန်းသော အမျိုးဘာသာဆိုင်ရာ ဥပဒေလေးခုတွင် တစ်ခု အပါအဝင်ဖြစ်သော ဗုဒ္ဓဘာသာအမျိုးသမီးများအတွက် အထူးထိမ်းမြှားလက်ထပ ခြင်းဆိုင်ရာဥပဒေသည် ဗုဒ္ဓဘာသာအမျိုးသမီးများကို သီးသန့်ဦးတည်၍ သူတို့၏ လက်ထပ်ထိန်းမြှားခြင်းကိစ္စကို တင်းကြပ်သော စည်းမျဉ်းများ ချမှတ်ထားသည်။ အသက် ၂၀ အောက်အမျိုးသမီးတစ်ဦး ဘာသာခြားတစ်ယောက်နှင့် လက်ထပ်လိုပါက သူ့မိဘများ၏ သဘောတူညီချက် ရယူရန်လိုသည်။ အခြားမည်သည့် အသက်အရွယ်ဝင်မဆို ဗုဒ္ဓဘာသာဝင်မဟုတ်သော အမျိုးသားနှင့် လက်ထပ်လိုပါက ခွင့်ပြုချက် လျှောက်လွှာတင်ရမည်ဖြစ်ပြီး၊ ကန့်ကွက်သူမရှိမှသာ လက်ထပ်ခွင့် ရရှိမည်ဖြစ်သည်။ ကန့်ကွက်သူရှိပါက ထိုကိစ္စကို တရားရုံးတွင် ဖြေရှင်း ရမည်ဖြစ်သည်။ ဤစည်းမျဉ်းသည် ဗုဒ္ဓဘာသာအမျိုးသမီးများ၏ မိမိလက်ထပ်လိုသူကို ရွေးချယ်ခွင့်ကို သိသိသာသာချိုးဖောက်ခြင်းဖြစ်ပြီး၊ ဘာသာရေးအရ လူနည်းစုအမျိုးသားများ၏ လက်ထပ်ရန်ကြင်ဖော် ရွေးချယ်ခွင့် အခွင့်အရေးကိုလည်း ချိုးဖောက်လိုက်ရာကြသည်။ အထက်ပါ ဥပဒေ၏ ပြဋ္ဌာန်းချက် နောက်တစ်ခုအရလည်း အမျိုးသမီးများကို သုံးနှစ် ကိုယ်ဝန်ဆက်ခြားရန် အကြံပြုတိုက်တွန်းချက်သည် အမျိုးသမီး၏ မျိုးပွားခွင့် အခွင့်အရေးကို ချိုးဖောက်ထားခြင်းဖြစ်သည်။



# ၁၁။ နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်ခွင့်

ကျွန်ုပ်တို့အားလုံးသည် မိမိနိုင်ငံအစိုးရဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ခွင့်ရှိသည်။ လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိသည့်၊ တရားမျှတသည့်၊ လူမျိုးပေါင်းစုံ၊ ပါတီပေါင်းစုံနှင့် ဒီမိုကရက်တစ်ဆန်သည့် ရွေးကောက်ပွဲတွေမှာ အုပ်ချုပ်ခွင့်ပေးဖို့ ပါတီ၊ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း ကို ရွေးချယ်ခွင့်ရှိသည်။ မိမိကိုယ်တိုင်လည်း အစိုးရနေရာအတွက် ဝင်ရောက်အရွေးခံခွင့်ရှိပါတယ်။

## ဆိုလိုသည်မှာ

သင့်တွင် အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် နှစ်ရပ်စလုံးအတွက် ပါဝင် အရွေးချယ်ခံပိုင်ခွင့်ရှိသည်။ သင်ကိုယ်တိုင် အခြားပါတီနှင့် မတူသော နိုင်ငံရေးပါတီနှင့် အဖွဲ့အစည်း ဖွဲ့စည်းခွင့်ရှိသည်။ နိုင်ငံရေးပါတီအများအပြားရှိရာမှ သင်နှစ်သက်ရာ ကိုယ်စားလှယ်ကို ရွေးချယ်ခွင့်ရှိသည်။ မြန်မာပြည်သူအားလုံးနှင့် သက်ဆိုင်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်များချရာတွင် သင်လည်း ပါဝင်ခွင့်ရှိသည်။ လူထုဆန္ဒပြပွဲများတွင် သင်ကိုယ်တိုင် ပါဝင်ခွင့်ရှိသည်၊ ဦးဆောင်ပြုလုပ်နိုင်သည်။ အစိုးရထံသို့ အသနားခံ တင်ပြခွင့်ရှိသည်။
ဦးဆောင်ပြုလုပ်နိုင်သည်။ အစိုးရထံသို့ အသနားခံ တင်ပြခွင့်ရှိသည်။

## သင့်ကိုယ်သင် မေးကြည့်ဖူးပါသလား။

- အမျိုးသားနှင့် ပြည်နယ်လွှတ်တော်ထဲက လွှတ်တော်အမတ်အားလုံးသည် ပြည်သူက ရွေးကောက်ခံထားရသူများ ဖြစ်ပါသလား။
- မြန်မာပြည်သူတိုင်း မဲပေးခွင့်ရှိပါသလား။
- ရွေးကောက်ပွဲအတွက် မှတ်ပုံတင်ရန် လွယ်ကူပါသလား။
- ရွးကောက်ပွဲများကို ကွပ်ကဲသည့် ပြည်ထောင်စုရွေးကောက်ပွဲ
- ကော်မရှင်သည် လွတ်လပ်ပြီး ဘက်မလိုက်သည့် အဖွဲ့ဖြစ်ပါသလား။
- လူတိုင်း သမ္မတရာထူးအတွက် ရွေချယ်ခံပိုင်ခွင့်ရှိပါသလား။



## အခွင့်အရေး ချိုးဖောက်မှု သာဓကများ

အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်က လွှတ်တော်အမတ် ၂၅ ရာခိုင်နှုန်းကို တပ်မတော်က တိုက်ရိုက်ရွေးချယ်ထားသည်။

တပ်မတော်က ကာကွယ်ရေး၊ နယ်စပ်ရေးရာနှင့် ပြည်ထဲရေးဌာန ဝန်ကြီးများကို ခန့်အပ်ခွင့်ရရှိထားခြင်းဖြင့် မည်သည့်အဖွဲ့မဆို အစိုးရဖွဲ့နိုင်ပါစေ အရေးကြီးသော ဌာနများကို ထိန်းချုပ်ထားဆဲဖြစ်သည်။ ဒုတိယသမ္မတတစ်ဦး ခန့်ပိုင်ခွင့်ကိုလည်း တပ်မတော် က ရယူထားဆဲဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လွှတ်တော်နှင့် အစိုးရအထက်တွင်ရှိသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်အများစုကို တပ်မတော်က ရွေးချယ်သည်။ ထိုကောင်စီက တိုင်းပြည်အာဏာကို အချိန်မရွေး သိမ်းပိုက်နိုင်သည်။

အောင်ဆန်းစုကြည်သည် ၂၀၁၅ ရွေးကောက်ပွဲအတွင်း လူထုထောက်ခံမှု အများဆုံးပါတီ၏ ခေါင်းဆောင်ဖြစ်သော်လည်း သူ့သားများက  နိုင်ငံခြားသားဖြစ်နေသောကြောင့် တပ်မတော်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ အရ သူမ၏ သမ္မတဖြစ်ခွင့်ကို ပိတ်ပင်ထားသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်က ပြည်သူအများအပြားကို ရွေးကောက်ခံကိုယ်စားလှယ်ဖြစ်ခွင့် ပိတ်ပင်ခဲ့ပြီး၊ မမှန်ကန်သော မဲပေးသူများ စာရင်းတင်ပြခဲ့သည်။ ထိုကော်မရှင်၏ ကိုယ်စားလှယ်များက တပ်မတော် နောက်ခံပြုထားသော ပြည်ခိုင်ဖြိုးပါတီကို ထောက်ခံကြောင်း အများသိအောင် ကြေငြာခဲ့သည်။

ရိုဟင်ဂျာလူမျိုးစု အပါအဝင် ပဋိပက္ခဖြစ်ရာဒေသမှ ဒုက္ခသည်များ၊ ရွှေ့ပြောင်း အလုပ်သမားများနှင့် နိုင်ငံရေးအကျဉ်းသားများ ၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးခွင့် မရခဲ့ကြပါ။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁ နှင့် ၁၂။



# မိမိ ဘာလုပ်နိုင်မလဲ။

- မိမိအခွင့်အရေးအကြောင်းလေ့လာနိုင်သည်။
- လူ့အခွင့်အရေး စံနှုန်းတွေကို လိုက်နာကျင့်သုံးပါ။ တစ်ခြားသူများ၏ အခွင့်အရေးကို မချိုးဖောက်မိပါစေနဲ့။
- ကိုယ့်မိသားစုဝင်နှင့် အသိမိတ်ဆွေတွေကို သူတို့၏ အခွင့်အရေးအကြောင်းကို ပြောပြပါ။
- အိမ်နီးချင်းမိတ်ဆွေများကိုဖိတ်ပြီး မြန်မာပြည်က လူ့အခွင့်အရေးအကြောင်းဆွေးနွေး ပြောပြနိုင်သည်။
- မည်သူ့လွှမ်းမိုးမှုမှ မရှိဘဲ လွတ်လပ်တဲ့ လူထုအခြေပြုအဖွဲ့အစည်းအကြောင်းလေ့လာ နိုင်ပြီး ကိုယ်တိုင် ပါဝင်လှုပ်ရှားနိုင်သည်။
- နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာများတွင် ထုတ်ဖော်တင်ပြထားသည့် မြန်မာပြည်တွင်းက လူ့အခွင့်အရေးချိုးဖောက်မှုတွေကို လေ့လာပြီး ရှုံ့ချနိုင်ပါတယ်။ သို့မဟုတ် သတင်းထောက်တွေကို ဆက်သွယ်ပြီး မိမိပတ်ဝန်းကျင်တွင် ဖြစ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုအကြောင်းများကို ရေးသားဖော်ထုတ်နိုင်ပါတယ်။
- နိုင်ငံတကာနှင့် ပြည်တွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများကို စုံစမ်းဆက်သွယ်ပြီး၊ သိထားသော လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း အသိပေးနိုင်သည်။
- မိမိဒေသက လွှတ်တော်ကိုယ်စားလှယ်ထံ လူ့အခွင့်အရေးချိုးဖောက်မှုအကြောင်း

စာရေးအကြောင်းကြား နိုင်သည်။ မိမိဖြစ်လိုသော အခြေအနေကိုလည်း တင်ပြနိုင်သည်။

• လူ့အခွင့်အရေးအကြောင်းနှင့် မြန်မာပြည်က လူ့အခွင့်အရေးအခြေအနေအကြောင်းများကို အောက်ပါ ဌာနများတွင် သွားရောက်လေ့လာနိုင်သည် -
ရန်ကုန်က British Council စာကြည့်တိုက်
ရန်ကုန် အမေရိကန်သံရုံးတွင် ဖွင့်ထားသော အမေရိကန်စင်တာ စာကြည့်တိုက်

• ထို့အပြင် အောက်ပါ အင်တာနက်စာမျက်နှာများမှလည်း သတင်းအချက်အလက်များရယူနိုင်ပါသည် -
ကုလသမဂ္ဂလူ့အခွင့်အရေး မဟာမင်းကြီးရုံးအင်တာနက်စာမျက်နှာ - http://www.ohchr.org/EN/Countries/AsiaRegion/Pages/MMIndex.aspx
မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (http://www.burmapartnership.org/)

ယူကေနိုင်ငံ အခြေစိုက် မြန်မာအရေးလှုပ်ရှားဆောင်ရွက်ရေးအဖွဲ့ (http://burmacampaign.org.uk/)
လူ့အခွင့်အရေးဖောင်ဒေးရှင်း (hrf.org)

သင့်ဘဝနှင့် လွတ်လပ်မှုအတွက်သာမက သင့်မိသားစုအတွက်လည်း လူ့အခွင့်အရေးဟာ မရှိမဖြစ်အရာဖြစ်ပါတယ်။ ပြောင်းလဲမှုတွေဖြစ်လာဖို့ ဖန်တီးလုပ်ဆောင်နိုင်ပါတယ်။ လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်ခြင်းဆိုတာ သင့်ဘဝ တိုက်ပွဲပဲဆိုတာ မှတ်ထားပါ။



# အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း

အပိုဒ် ၁
လူတိုင်းသည် တူညီ လွတ်လပ်သော ဂုဏ်သိက္ခာဖြင့် လည်းကောင်း၊ တူညီလွတ်လပ်သော အခွင့်အရေး များဖြင့် လည်းကောင်း၊ မွေးဖွားလာသူများ ဖြစ်သည်။ ထိုသူတို့၌ ပိုင်းခြား ဝေဖန်တတ်သော ဉာဏ်နှင့် ကျင့်ဝတ် သိတတ်သော စိတ်တို့ရှိကြ၍ ထိုသူတို့သည် အချင်းချင်း မေတ္တာထား၍ ဆက်ဆံကျင့်သုံး၏။

အပိုဒ် ၂
လူတိုင်းသည် လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေး အားလုံး၊ လွတ်လပ်ခွင့်အားလုံးတို့ကို ပိုင်ဆိုင် ခံစားခွင့်ရှိသည်။ လူမျိုးနွယ်အားဖြင့် ဖြစ်စေ၊ အသားအရောင်အားဖြင့် ဖြစ်စေ၊ ကျား၊ မ၊ သဘာဝအားဖြင့် ဖြစ်စေ၊ ဘာသာစကားအားဖြင့် ဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာအားဖြင့် ဖြစ်စေ၊ နိုင်ငံရေးယူဆချက် ၊ သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့် ဖြစ်စေ၊ နိုင်ငံနှင့် ဆိုင်သော၊ သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့် ဆိုင်သော ဇစ်မြစ်အားဖြင့် ဖြစ်စေ၊ ပစ္စည်းဥစ္စာ ဂုဏ်အားဖြင့် ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့် ဖြစ်စေ၊ အခြား အဆင့်အတန်းအားဖြင့် ဖြစ်စေ ခွဲခြားခြင်း မရှိစေရ။ ထို့ပြင် လူတစ်ဦး တစ်ယောက် နေထိုင်ရာ နိုင်ငံ၏ သို့တည်းမဟုတ် နယ်မြေဒေသ၏ နိုင်ငံရေးဆိုင်ရာ ဖြစ်စေ စီရင် ပိုင်ခွင့်ဆိုင်ရာ ဖြစ်စေ တိုင်းပြည် အချင်းချင်း ဆိုင်ရာဖြစ်စေ၊ အဆင့်အတန်း တစ်ခုခုကို အခြေပြု၍ သော်လည်းကောင်း၊ ဒေသနယ်မြေတစ်ခုသည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် နယ်မြေ၊ သို့တည်းမဟုတ် ကုလသမဂ္ဂ ထိန်းသိမ်းစောင့်ရှောက်ထားရသည့် နယ်မြေ၊ သို့တည်းမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အာဏာတို့ တစိတ်တဒေသလောက်သာ ရရှိသည့် နယ်မြေစသဖြင့် ယင်းသို့သော နယ်မြေများဖြစ်သည်ဟူသော အကြောင်းကို အထောက်အထားပြု၍ သော်လည်းကောင်း ခွဲခြားခြင်း လုံးဝမရှိရ။



အပိုဒ် ၃
လူတိုင်း၌ အသက်ရှင်ရန် လွတ်လပ်မှုနှင့် လုံခြုံစိတ်ချခွင့် ရှိသည်။

အပိုဒ် ၄
မည်သူကိုမျှ ကျေးကျွန်အဖြစ်၊ သို့တည်းမဟုတ် အစေအပါးအဖြစ်၊ နိုင်ထက်စီးနင်း စေခိုင်းခြင်း မပြုရ၊ လူကို ကျေးကျွန်သဖွယ် အဓမ္မစေခိုင်းခြင်း၊ အရောင်းအဝယ် ပြုခြင်းနှင့် ထိုသဘော သက်ရောက်သော လုပ်ငန်းလူသမျှကို ပိတ်ပင် တားမြစ်ရမည်။

အပိုဒ် ၅
မည်သူကိုမျှ ညှဉ်းပန်း နှိပ်စက်ခြင်း၊ သို့တည်းမဟုတ် ရက်စက်ကြမ်းကြုတ်စွာ လူမဆန်စွာ ဂုဏ်ငယ်စေသော ဆက်ဆံမှု မပြုရ၊ သို့တည်းမဟုတ် အပြစ်ဒဏ်ပေးခြင်း မပြုရ။

အပိုဒ် ၆
လူတိုင်းတွင် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦး အဖြစ်ဖြင့် အရာခပ်သိမ်းတွင် အသိအမှတ် ပြုခြင်းကို ခံယူပိုင်ခွင့်ရှိသည်။

အပိုဒ် ၇
လူအားလုံးတို့သည် ဥပဒေအရာ၌ တူညီကြသည့်အပြင်၊ ဥပဒေ၏ အကာအကွယ်ကို ခြားနားခြင်း မခံရစေဘဲ တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။ ဤ ကြေငြာစာတမ်းပါ သဘောတရားများကို ဖီဆန်၍ ခွဲခြားခြင်းမှ လည်းကောင်း၊ ထိုသို့ခွဲခြားခြင်းကို လှုံ့ဆော်ခြင်းမှ လည်းကောင်း၊ ကင်းလွတ်စေရန် အကာအကွယ်ကို တူညီစွာ ခံစားပိုင်ခွင့် ရှိသည်။

အပိုဒ် ၈
ဖွဲ့စည်းပုံ အခြေခံဥပဒေက သော်လည်းကောင်း၊ အခြား ဥပဒေ သော်လည်းကောင်း လူတိုင်းအတွက် ပေးထားသည့် အခြေခံအခွင့်အရေးများသည် ချိုးဖောက်ဖျက်ဆီးခြင်းခံခဲ့ရလျှင် ထိုသို့ ချိုးဖောက်ဖျက်ဆီးသော ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော နစ်နာချက်အတွက် ထိုသူတို့သည် နိုင်ငံဆိုင်ရာ အာဏာပိုင်တရားရုံးတွင် ထိရောက်စွာ သက်သာခွင့်ရနိုင်စေရမည်။

အပိုဒ် ၉
မည်သူမျှ ဥပဒေအရ မဟုတ်သော ဖမ်းဆီးခြင်းကို ဖြစ်စေ၊ ချုပ်နှောင်ခြင်းကို ဖြစ်စေ၊ ပြည်နှင်ခြင်းကိုဖြစ်စေ မခံစေရ။

အပိုဒ် ၁၀
အခွင့်အရေးများနှင့် တာဝန် ဝတ္တရားများကို အဆုံးအဖြတ်ခံရာတွင် လည်းကောင်း၊ ပြစ်မှုကြောင့် တရားစွဲ ဆိုစီရင်ဆုံးဖြတ်ခံရာတွင် လည်းကောင်း၊ လူတိုင်းသည် လွတ်လပ်၍ ဘက်မလိုက်သော တရားရုံးတော်၏ လူအများ ရှေ့မှောက်တွင် မျှတစွာ ကြားနာစစ်ဆေးခြင်းကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၁
(၁) လူအများ ရှေ့မှောက်၌ ဥပဒေအတိုင်းစစ်ဆေး၍ ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီရင်ခြင်းခံရသည့် အချိန်အထိ ပြစ်မှုနှင့် တရားစွဲဆိုခြင်း ခံရသူတိုင်းသည် အပြစ်မဲ့သူဟူ၍ ယူဆခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်။ ထိုအမှုကို ကြားနာစစ်ဆေးရာဝယ် စွပ်စွဲခံရသည့် ပြစ်မှုအတွက် ခုခံချေပနိုင်ရန် လိုအပ်သော အခွင့်အရေးများကို ထိုသူအား ပေးပြီး ဖြစ်စေရမည်။
(၂) လူတစ်ဦးတစ်ယောက်အား နိုင်ငံဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ဖြစ်စေ၊ ပြစ်မှုမမြောက်သော လုပ်ရပ် သို့မဟုတ် မျှပ်ကွက်မှုအရ စွဲဆ အိုပြစ်ပေးခြင်း မပြုရ။ ထို့အပြင် ပြစ်မှု ကျူးလွန်စဉ်အခါက ထိုက်သင့်စေနိုင်သော အပြစ်ဒဏ်ထက် ပိုမိုကြီးလေးသော အပြစ်ဒဏ်ကို ထိုက်သင့်ခြင်းမရှိစေရ။

အပိုဒ် ၁၂
မည်သူမျှ မိမိသဘောအတိုင်း အေးချမ်းလွတ်လပ်စွာ နေထိုင်ခြင်းကို သော်လည်းကောင်း၊ မိမိ၏ မိသားစုကို သော်လည်းကောင်း၊ မိမိ၏ နေအိမ် အသိုက်အဝန်းကို သော်လည်းကောင်း၊ စာပေးစာယူကို သော်လည်းကောင်း၊ ဥပဒေအရ မဟုတ်သော ဝင်ရောက်စွက်ဖက်ခြင်း မခံစေရ။ ထို့ပြင် မိမိ၏ ဂုဏ်သိက္ခာကိုလည်း အထက်ပါအတိုင်း ပုတ်ခတ်ခြင်း မခံစေရ။ လူတိုင်းတွင် ထိုသို့ ဝင်ရောက် စွက်ဖက်ခြင်းမှ သော်လည်းကောင်း ပုတ်ခတ်ခြင်းမှ သော်လည်းကောင်း ဥပဒေအရ ကာကွယ် ပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၃
(၁) လူတိုင်းတွင် မိမိ၏နိုင်ငံ နယ်နမိတ်အတွင်း၌ လွတ်လပ်စွာ သွားလာ ရွှေ့ပြောင်းနိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်။
(၂) လူတိုင်းတွင် မိမိနေထိုင်ရာ တိုင်းပြည်မှ လည်းကောင်း၊ အခြားတိုင်းပြည်မှလည်းကောင်း ထွက်ခွာ သွားပိုင်ခွင့်ရှိသည့်အပြင်၊ မိမိ၏ တိုင်းပြည်သို့ ပြန်လာ ပိုင်ခွင့်လည်းရှိသည်။

အပိုဒ် ၁၄
(၁) လူတိုင်းသည် ညှဉ်းပန်းနှိပ်စက်ခံနေရခြင်းမှ လွတ်ကင်းရန် အခြားတိုင်းပြည်များ၌ အေးချမ်းစွာ ခိုလှုံနေနိုင်ခွင့်ရှိသည်။
(၂) နိုင်ငံရေးနှင့် မပတ်သက်သည့် ပြစ်မှုများမှ သော်လည်းကောင်း၊ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်နှင့် သဘောတရားမှုများကို ဖီဆန်သော အမှုများမှ သော်လည်းကောင်း၊ အမှန် ပေါ်ပေါက်လာသော ပြစ်မှုကြောင့် တရားစွဲဆိုခြင်း ခံရသည့် အမှုအခင်းများတွင် အထက်ပါ အခွင့်အရေးကို အသုံးမပြုနိုင်စေရ။

အပိုဒ် ၁၅
(၁) လူတိုင်းသည်၊ နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။

(၂) ဥပဒေအရ မဟုတ်လျှင် မည်သူမျှ မိမိ၏ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်း မခံစေရ၊ နိုင်ငံသားအဖြစ် ပြောင်းလဲနိုင်သော အခွင့်အရေးကိုလည်း ငြင်းပယ်ခြင်း မခံစေရ။

အပိုဒ် ၁၆
(၁) အရွယ်ရောက်ပြီးသော ယောကျာ်းနှင့် မိန်းမတို့တွင် လူမျိုးကို သော်လည်းကောင်း၊ နိုင်ငံသားအဖြစ်ကို သော်လည်းကောင်း ကိုးကွယ်သည့် သာသာကို သော်လည်းကောင်း၊ အကြောင်းပြု၍ ချုပ်ချယ်ကန့်သတ်ခြင်း မရှိဘဲ၊ ထိမ်းမြားနိုင်ခွင့် နှင့် မိသားစုထူထောင်နိုင်ခွင့်ရှိသည်။ အဆိုပါ ယောကျာ်းနှင့် မိန်းမ တို့သည် လင်မယားအဖြစ် ပေါင်းသင်းနေစဉ် အချိန်အတွင်း၌ သော်လည်းကောင်း၊ အိမ်ထောင်ကို ဖျက်သိမ်း၍ ကွာရှင်းကြသည့် အခါ၌လည်းကောင်း၊ လက်ထပ် ပေါင်းသင်း အိမ်ထောင်ပြုခြင်းနှင့် စပ်လျဉ်းသော တူညီသည့် အခွင့်အရေးများကို ရရှိထိုက်သည်။
(၂) သတို့သား နှင့် သတို့သမီး နှစ်ဦးနှစ်ဘက်၏ လွတ်လပ်သော သဘောဆန္ဒရှိမှသာလျှင် ထိမ်းမြားခြင်းကို ပြုရမည်။
(၃) မိသားစု တစ်ခုသည် လူ့အဖွဲ့အစည်း၏ သဘာဝကျသော အခြေခံအဖွဲ့တစ်ရပ်ဖြစ်သည်၊ ထိုမိသားစုသည် လူ့အဖွဲ့အစည်းနှင့် အစိုးရတို့၏ ကာကွယ်စောင့်ရှောက်ခြင်းကို ခံယူခွင့်ရှိသည်။

အပိုဒ် ၁၇
လူတိုင်းတွင် မိမိတစ်ဦးချင်း သော်လည်းကောင်း၊ အခြားသူများနှင့် ဖက်စပ်၍ သော်လည်းကောင်း၊ ပစ္စည်းဥစ္စာ တို့ကို ပိုင်ဆိုင်ရန် အခွင့်အရေးရှိရမည်။ ဥပဒေအရ မဟုတ်လျှင်၊ မည်သူမျှ မိမိ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို စွန့်လွှတ်ခြင်း မခံစေရ။

အပိုဒ် ၁၈
လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ် ကြံဆနိုင်ခွင့်၊ လွတ်လပ်စွာ ခံယူရပ်တည်နိုင်ခွင့်နှင့် လွတ်လပ်စွာ သက်ဝင် ကိုးကွယ်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးနှင့် မိမိကိုးကွယ်သည့် ဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ ပြောင်းလဲနိုင်ခွင့် ပါဝင်သည့်အပြင် မိမိတစ်ယောက်ချင်း ဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ ဖြစ်စေ၊ ပြည်သူအများ ရှေ့မှောက်တွင် သော်လည်းကောင်း၊ ရှေ့မှောက်တွင် မဟုတ်ဘဲ သော်လည်းကောင်း၊ မိမိ ကိုးကွယ်သော ဘာသာကို သို့တည်းမဟုတ် သက်ဝင် ယုံကြည်ချက်ကို လွတ်လပ်စွာ သင်ပြနိုင်ခွင့်၊ ကျင့်သုံးနိုင်ခွင့်၊ ဝတ်ပြုကိုးကွယ်နိုင်ခွင့် နှင့် ဆောက်တည်နိုင်ခွင့်တို့လည်း ပါဝင်သည်။

အပိုဒ် ၁၉
လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင် ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟ ဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင်၊ နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန် မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချီခွင့်တို့လည်း ပါဝင်သည်။

အပိုဒ် ၂၀
(၁) လူတိုင်းတွင် လွတ်လပ်အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့် တို့ရှိသည်။
(၂) မည်သူကိုမျှ အဖွဲ့အစည်းတစ်ခုသို့ ဝင်စေရန် အတင်းအကျပ်မပြုရ။

အပိုဒ် ၂၁
(၁) လူတိုင်းတွင် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့်ဖြစ်စေ ပါဝင် ဆောင်ရွက်ခွင့် ရှိသည်။
(၂) လူတိုင်းတွင် မိမိ၏ နိုင်ငံရှိ ပြည်သူ့ ဝန်ထမ်းအဖွဲ့၌ ဝင်ရောက်နိုင်ရန် တူညီသည့် အခွင့်အရေး ရှိသည်။
(၃) ပြည်သူပြည်သားတို့၏ ဆန္ဒသည် အုပ်ချုပ်အာဏာ၏ အခြေခံဖြစ်ရမည်၊ အဆိုပါ ဆန္ဒကို အချိန်ကာလ ပိုင်းခြားလျက် စစ်မှန်သော ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်းအညီအမျှ ဆန္ဒမဲ ပေးနိုင်ခွင့် ရှိရမည့်အပြင်၊ ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့် ဖြစ်စေ ကျင်းပရမည်။

အပိုဒ် ၂၂
လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေနှင့် လူမှုရေးလုံခြုံခွင့်ရယူပိုင်ခွင့်ရှိသည့်အပြင် နိုင်ငံရေးကြိုးပမ်းမှုဖြင့် ဖြစ်စေ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ၊ နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံနှင့်

လည်းကောင်း၊ သဃံဇာတအင်အားနှင့် လည်းကောင်း ထိုလူ၏ ဂုဏ်သိက္ခာနှင့် စရိုက်လက္ခဏာ လွတ်လပ်စွာ တိုးတက်မြင့်မားရေးအတွက် မရှိမဖြစ်လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို သုံးစွဲပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၃
(၁) လူတိုင်းတွင် အလုပ်လုပ်ရန်လည်းကောင်း၊ မိမိနှစ်သက်ရာ အသက်မွေးမှု အလုပ်အကိုင်ကို လွတ်လပ်စွာရွေးချယ်ရန် လည်းကောင်း၊ တရားမျှတ၍ လုပ်ပျော်သော အလုပ်ခွင်၏ အခြေအနေကို ရရှိရန် လည်းကောင်း၊ အလုပ်လက်မဲ့ ဖြစ်ရခြင်းမှ အကာအကွယ် ရရှိရန် လည်းကောင်း အခွင့်အရေးရှိသည်။
(၂) လူတိုင်းတွင် ခွဲခြားခြင်းမခံရစေဘဲ၊ တူညီသော အလုပ်အတွက် တူညီသော အခကြေးငွေ ရနိုင်ခွင့်ရှိသည်။
(၃) အလုပ်လုပ်ကိုင်သည့် လူတိုင်းတွင်၊ မိမိနှင့် မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာနှင့် ညီအောင် နေထိုင်စားသောက်နိုင်ရန်၊ စိတ်ချလောက်သည့်ပြင်၊ တရားမျှတ၍ လုပ်ပျော်သည့် လစာကြေးငွေ ရပိုင်ခွင့်ရှိသည်။



လိုအပ်ခဲ့လျှင်အခြား နည်းလမ်းများမှ လူမှုရေး အထောက်အပံ့ကိုလည်း ထပ်မံ၍ ရနိုင်ခွင့်ရှိသည်။
(၄) လူတိုင်းတွင် မိမိအကျိုး ခံစားခွင့်ကို ကာကွယ်ရန် အလုပ်သမား အစည်းအရုံးများ ဖွဲ့စည်းခွင့်၊ ပါဝင် ဆောင်ရွက်ခွင့်ရှိသည်။

အပိုဒ် ၂၄
လူတိုင်းတွင် သင့်မြတ်လျော်ကန်စွာ ကန့်သတ်ထားသည့် အလုပ်လုပ်ချိန် အပြင်၊ လစာနှင့်တကွ အခါကာလအားလျော်စွာ သတ်မှတ်ထားသည့် အလုပ်အားလပ်ရက်များပါဝင်သည့် အနားယူခွင့်နှင့် အားလပ်ခွင့် ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၅
(၁) လူတိုင်းတွင် မိမိနှင့်တကွ မိမိ၏ မိသားစု ကျန်းမာရေးနှင့် တကွ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အစာအဟာရ၊ အဝတ်အထည် နေအိမ်၊ ဆေးဝါး အကူအညီနှင့် လိုအပ်သည့် လူမှု အထောက်အပံ့များ ပါဝင်သော သင့်တော်လျှောက်ပတ်သည့် လူမှု အဆင့်အတန်းကို ရယူခံစားခွင့် ရှိသည်။ ထို့ပြင် အလုပ်လက်မဲ့ဖြစ်သော အခါ၌ သော်လည်းကောင်း၊ မကျန်းမမာဖြစ်သော အခါ၌ သော်လည်းကောင်း၊ ကိုယ်အင်္ဂါ မစွမ်း မသန်ဖြစ်သော အခါ၌ သော်လည်းကောင်း၊ မုဆိုးမဖြစ်သောအခါ၌ သော်လည်းကောင်း၊ အသက်အရွယ်အိုမင်းသော အခါ၌ သော်လည်းကောင်း၊ မိမိကိုယ်တိုင်က မတတ်နိုင်သော အကြောင်းကြောင့် ဝမ်းစာ ရှာမှီးနိုင်သော နည်းလမ်း မရှိသော အခါ၌ သော်လည်းကောင်း၊ နေထိုင်စားသောက်ရေးအတွက် လုံခြုံစိတ်ချရမှု အခွင့်အရေးရှိသည်။
(၂) သားသည် မိခင်များနှင့် ကလေးများသည် အထူးစောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းကို ရခွင့်ရှိသည်။ ဥပဒေအရ ထိမ်းမြားခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ မွေးဖွားသော ကလေးအားလုံးသည် တူညီသော လူမှုကာကွယ်စောင့်ရှောက်ရေးကို ရယူ ခံစားကြရမည်။

အပိုဒ် ၂၆
(၁) လူတိုင်းသည် ပညာသင် ယူနိုင်ခွင့်ရှိသည်။ အနည်းဆုံးမူလတန်းနှင့် အခြေခံ အဆင့်အတန်းများတွင်

ပညာသင်ကြားရေးသည် အခမဲ့ဖြစ်ရမည်။ မူလတန်းသည် မသင်မနေရ ပညာဖြစ်ရမည်။ စက်မှုလက်မှုပညာနှင့် အသက်မွေးမှုပညာများကို ယေဘုယျအားဖြင့် သင်ကြားရယူနိုင်စေရမည်။ ထို့ပြင် အထက်တန်းပညာအတွက် အရည်အချင်းကို အခြေခံပြု၍ တူညီသော အခွင့်အရေး ရရှိစေရမည်။
(၂) ပညာသင်ကြားရေးကို လူသားတို့၏ စရိုက်လက္ခဏာအပြည့်အဝတိုးတက်မှု အပြင်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့် ရှိသေ လေးစားမှုတို့ကို ရှင်သန်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ သင်ကြားစေရမည်။ ပညာသင်ကြားရေးသည် နိုင်ငံ အားလုံးတို့တွင် လည်းကောင်း၊ လူမျိုးစုများ တွင်လည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့များတွင် လည်းကောင်း၊ အချင်းချင်းနားလည်မှု၊ သည်းခံမှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို အားပေးရမည်။
ထို့ပြင် ငြိမ်းချမ်းရေး တည်တံ့အောင် ဆောင်ရွက်ရန် အလို့ငှါ၊ ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများကိုလည်း ဖြစ်မြောက်အောင် အားပေးရမည်။
(၃) မိဘတို့တွင်၊ မိမိတို့၏ ကလေးများ သင်ယူရမည့် ပညာ အမျိုးအစားကို ရွေးချယ်နိုင်သော လက်ဦး အခွင့်အရေးရှိသည်။

အပိုဒ် ၂၇
(၁) လူတိုင်းတွင် သက်ဆိုင်ရာ ယဉ်ကျေးမှု လောက၌ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ခွင့် သုခုမပညာရပ် များကို လွတ်လပ်စွာလိုက်စား မွေ့လျော်နိုင်ခွင့်၊ သိပ္ပံ ပညာထွန်းကားရေး လုပ်ငန်းများတွင် လွတ်လပ်စွာ ဝင်ရောက် လုပ်ကိုင်နိုင်ခွင့်နှင့် ထိုပညာ၏ အကျိုး အာနိသင်များကို လွတ်လပ်စွာ ခံစားသုံးစွဲနိုင်ခွင့် ရှိသည်။
(၂) လူတိုင်းတွင် သိပ္ပံမှ ဖြစ်စေ၊ စာပေမှဖြစ်စေ၊ သုခုမပညာမှ ဖြစ်စေ၊ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်ဖန်တီးမှုမှ ဖြစ်ထွန်းလာသည့် ဂုဏ်နှင့် ငွေကြေး အကျိုးအမြတ်များကို ခံစားရယူနိုင်ရန် အခွင့်အရေးအတွက် ကာကွယ်မှုကို ရရှိရန် အခွင့်အရေး ရှိသည်။

အပိုဒ် ၂၈
လူတိုင်းသည် ဤကြေညာ စာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အပြည့်အစုံ ရယူနိုင်သော လူမှုဆက်ဆံရေး အခြေအနေနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး အခြေအနေတို့၏ အကျိုးကျေးဇူးကို ခံစားနိုင်ခွင့် ရှိသည်။

အပိုဒ် ၂၉
(၁) မိမိ၏ စရိုက်လက္ခဏာ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်နိုင်သည့် တစ်ခုတည်းသော လူ့အသိုက်အဝန်း အတွက်လူတိုင်း၌ တာဝန်ရှိသည်။
(၂) မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည်၊ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ ရှိသေလေးစားစေရန် အလို့ငှာ လည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့ အကျိုးစီးပွား ဖြစ်ထွန်းရေးတို့အတွက်၊ တရားမျှတစွာကျင့်ဆောင်ရန် အလို့ငှာ လည်းကောင်း၊ ဥပဒေက ပြဌာန်းထားသည့် ချုပ်ချယ်မှုများဖြင့်သာ ကန့်သတ်ခြင်းခံရမည်။
(၃) အဆိုပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို မည်သည့် အမှုကိစ္စတွင်မျှ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့် လည်းကောင်း၊ အခြေခံမှုများနှင့် လည်းကောင်း ဆန့်ကျင်၍ မသုံးစွဲရ။

အပိုဒ် ၃၀
ဤကြေညာစာတမ်းပါ အခွင့်အရေးနှင့်တကွ လွတ်လပ်ခွင့်များ ပျက်စီးရာပျက်စီးကြောင်းတို့ကို ရည်ရွယ်၍၊ နိုင်ငံ တစ်နိုင်ငံအတွက် ဖြစ်စေ၊ လူတစ်စု အတွက်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အတွက် ဖြစ်စေ ပါဝင်ဆောင်ရွက်ရန် အခွင့်ရှိသည်ဟု သော်လည်းကောင်း၊ ကိုယ်တိုင်ဆောင်ရွက်ရန် အခွင့်ရှိသည်ဟု သော်လည်းကောင်း အဓိပ္ပါယ် ပိုင်းခြားကောက်ယူခြင်း မရှိစေရ။

# လူမျိုး (သို့မဟုတ်) တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကားလူနည်းစုအဖြစ် အကျုံးဝင်သူများ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း

၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှဆုံးဖြတ်ချက် အမှတ် ၄၇/၁၃၅ ဖြင့် အတည်ပြုသည်။

အပိုဒ် ၁

(၁) အစိုးရများသည် သက်ဆိုင်ရာဒေသအသီးသီးတွင်နေထိုင်ကြသည့် လူနည်းစုများ၏ လူမျိုး (သို့) တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာကိုယ်ပိုင်လက္ခဏာတည်ရှိစေရန် ကာကွယ်ပေးရမည်။ ၎င်းကိုယ်ပိုင်လက္ခဏာရပ်ကိုဖွံ့ဖြိုးတိုးတက်စေမည့် အခြေအနေများကိုလည်း အားပေးဆောင်ရွက်ရမည်။

(၂) အဆိုပါရည်မှန်းချက်များထမြောက်အောင်မြင်စေရန် သင့်လျော်သည့်ဥပဒေပြုလုပ်ငန်းများနှင့် အခြားစီမံချက်များကို ချမှတ်ဆောင်ရွက်ရမည်။

အပိုဒ် ၂

(၁) လူမျိုး (သို့) တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကားလူနည်းစုအဖြစ် အကျုံးဝင်သူများသည် (ရှေ့တွင် "လူနည်းစုအဖြစ်အကျုံးဝင်သူများ" ဟု ဆက်လက်သုံးစွဲပါမည်) မိမိကိုယ်ပိုင်ယဉ်ကျေးမှုကို ခံစားပိုင်ခွင့်ရှိသည်။ မိမိသက်ဝင်ရာဘာသာရေးကို ယုံကြည်ကိုးကွယ်ခွင့်ရှိသည်။ မိမိ၏ဘာသာစကားကို အသုံးပြုပိုင်ခွင့် ရှိသည်။ ထိုသို့ကျင့်သုံးရာတွင် မိမိဘာသာဖြစ်စေ၊ အများပြည်သူ ရှေ့မှောက်တွင်ဖြစ်စေ လွတ်လပ်စွာ ဆောင်ရွက်နိုင်ပြီး၊ မည်သည့်ဝင်ရောက်စွက်ဖက်မှု (သို့) ခွဲခြားဆက်ဆံမှုမျှ အလျဉ်းမရှိစေရ။

(၂) လူနည်းစုအဖြစ်အကျုံးဝင်သူများသည် ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အများပြည်သူနှင့်ဆိုင်သည့်ကိစ္စရပ်များတွင် ထိရောက်စွာပါဝင်ခွင့် ရှိသည်။

(၃) လူနည်းစုအဖြစ်အကျုံးဝင်သူများသည် မိမိတို့နေထိုင်ရာဒေသန္တရနှင့်ပတ်သက်၍သော်လည်းကောင်း၊ မိမိတို့အကျုံးဝင်သည့်လူနည်းစုနှင့်ပတ်သက်၍သော်လည်းကောင်း၊ နိုင်ငံတော်အဆင့်နှင့် လိုအပ်ပါကဒေသအဆင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် နိုင်ငံတော်ဥပဒေများနှင့်ဆန့်ကျင်ဖီလာမဖြစ်စေပဲ ထိရောက်စွာပါဝင်ခွင့်ရှိသည်။

(၄) လူနည်းစုအဖြစ်အကျုံးဝင်သူများသည် မိမိတို့ကိုယ်ပိုင် အသင်းအဖွဲ့အစည်းများ တည်ထောင်ခွင့်၊ ထိန်းသိမ်းခွင့်ရှိသည်။

(၅) လူနည်းစုအဖြစ်အကျုံးဝင်သူများသည် မိမိတို့လူနည်းစုအုပ်စုဝင်များ၊ အခြားလူနည်းစုအုပ်စုဝင်များ၊ မိမိတို့နှင့် လူမျိုး (သို့) တိုင်းရင်းသား၊ ဘာသာရေး (သို့) ဘာသာစကားအရ ဆက်နွယ်မှုရှိသော မိမိနိုင်ငံနယ်စပ်တလျှောက်ရှိတဖက်နိုင်ငံများမှနိုင်ငံသားများနှင့်ထိတွေ့ဆက်ဆံရာတွင် ခွဲခြားဆက်ဆံမှုအလျဉ်းမရှိစေရပဲ လွတ်လပ်ငြိမ်းချမ်းစွာထိတွေ့ဆက်ဆံခွင့်ရှိသည်။

အပိုဒ် ၃

(၁) လူနည်းစုအဖြစ်အကျုံးဝင်သူများသည် မိမိတဦးထဲဖြစ်စေ၊ မိမိတို့လူနည်းစုအုပ်စုဝင်များဖြင့် တစုတစည်းထဲဖြစ်စေ၊ ယခုကြေညာစာတမ်းပါအခွင့်အရေးများအပါအဝင် မိမိတို့၏လူနည်းစုအခွင့်အရေးများကို ခွဲခြားဆက်ဆံမှုအလျဉ်းမရှိစေရပဲ ကျင့်သုံးနိုင်သည်။

(၂) ယခုကြေညာစာတမ်းတွင်ချမှတ်ထားသောအခွင့်အရေးများကို ကျင့်သုံးခြင်း (သို့) မကျင့်သုံးခြင်း၏အကျိုးဆက်ကြောင့် လူနည်းစုအဖြစ်အကျုံးဝင်သည့် မည်သည့်လူပုဂ္ဂိုလ်မဆို နစ်နာဆုံးရှုံးမှု မဖြစ်စေရ။

အပိုဒ် ၄

(၁) လူနည်းစုအဖြစ်အကျုံးဝင်သူများက မိမိတို့၏လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအားလုံးကို ခွဲခြားဆက်ဆံမှုအလျဉ်းမရှိစေရပဲ အပြည့်အဝထိထိရောက်ရောက်ကျင့်သုံးနိုင်ရန်နှင့် တရားဥပဒေရှေ့မှောက်တွင် တန်းတူရေးကိုအပြည့်အဝရရှိစေရန် အစိုးရများမှ လိုအပ်သည့်စီမံချက်များကို ချမှတ်ဆောင်ရွက်ပေးရမည်။

(၂) လူနည်းစုအဖြစ်အကျုံးဝင်သူများက နိုင်ငံတော်ဥပဒေနှင့်နိုင်ငံတကာစံနှုန်းများကိုချိုးဖောက်သည့် လုပ်ဆောင်ချက်များမှအပ၊ မိမိတို့၏အမျိုးသားလက္ခဏာကိုဖော်ထုတ်နိုင်ရန်နှင့်၊ မိမိယဉ်ကျေးမှု၊ ဘာသာစကား၊

ဘာသာရေး၊ ရိုးရာ၊ ဓလေ့ထုံးတမ်းများကိုဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်နိုင်စေရန်အတွက် အထောက်အပံ့ပြုသည့်အခြေအနေများကိုဖန်တီးရန် အစိုးရများမှဆောင်ရွက်ပေးရမည်။
(၃) လူနည်းစုအဖြစ်အကျုံးဝင်သူများသည် မိမိတို့၏မိခင်ဘာသာစကားကိုသင်ယူနိုင်ရန် သို့မဟုတ် သင်ကြားရာတွင်အသုံးပြုသည့်ဘာသာစကားအဖြစ်သတ်မှတ်နိုင်ရန် လုံလောက်သောအခွင့်အလမ်းများ ရရှိစေရန်အတွက် အစိုးရများမှ တတ်နိုင်သလောက်ဆောင်ရွက်ပေးသင့်သည်။
(၄) အစိုးရများသည် ၄င်းတို့နယ်နိမိတ်များအတွင်းရှိလူနည်းစုများ၏ သမိုင်း၊ ရိုးရာဓလေ့၊ ဘာသာစကား၊ ယဉ်ကျေးမှုဆိုင်ရာအသိပညာများကို အားပေးရန်အတွက် ပညာရေးနယ်ပယ်တွင် သင့်လျော်သလိုဆောင်ရွက်သင့်သည်။ လူနည်းစုအဖြစ်အကျုံးဝင်သူများသည် လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့်ဆိုင်သော အသိပညာရရှိရန် လုံလောက်သောအခွင့်အလမ်းများလည်း ရရှိသင့်သည်။
(၅) လူနည်းစုအဖြစ်အကျုံးဝင်သူများသည် မိမိတို့၏တိုင်းပြည်စီးပွားရေးတိုးတက်ရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အပြည့်အဝပါဝင်နိုင်စေရန် အစိုးရများမှသင့်လျော်သည့်စီမံချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

အပိုဒ် ၅
(၁) အမျိုးသားရေးမူဝါဒများနှင့် အစီအစဉ်များကိုချမှတ်ရာတွင် လူနည်းစုအဖြစ်အကျုံးဝင်သူများ၏ တရားဝင်အကျိုးစီးပွားနှင့်ဆက်စပ်၍ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။
(၂) နိုင်ငံတနိုင်ငံနှင့်တနိုင်ငံအကြားပူးပေါင်းဆောင်ရွက်သည့်အစီအစဉ်အများနှင့် အကူအညီပေးရေး အစီအစဉ်များကို လူနည်းစုအဖြစ်အကျုံးဝင်သူများ၏  တရားဝင်အကျိုးစီးပွားနှင့်ဆက်စပ်ပြီး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။

အပိုဒ် ၆
အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုမြင့်မားလာစေရေးအတွက် အခြားနည်းလမ်းများကိုကျင့်သုံးသည့်အပြင် လူနည်းစုအဖြစ်အကျုံးဝင်သူများနှင့်ပတ်သက်သည့်အရေးကိစ္စရပ်များတွင်  သတင်းအချက်အလက်နှင့်  အတွေ့အကြုံများ ဖလှယ်ခြင်းအားဖြင့်လည်း အစိုးရများမှပူးပေါင်းဆောင်ရွက်သင့်သည်။

အပိုဒ် ၇
ယခုကြေညာချက်တွင်ချမှတ်ထားသောအခွင့်အရေးများအပေါ် လေးစားမှုကိုမြှင့်တင်ရန်အတွက်အစိုးရများကပူးပေါင်းဆောင်ရွက်သင့်သည်။

အပိုဒ် ၈
(၁) ယခုကြေညာချက်ပါအချက်များသည် နိုင်ငံတော်က လူနည်းစုအဖြစ်အကျုံးဝင်သူများနှင့်စပ်လျဉ်းသည့် နိုင်ငံတကာတာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ဟန့်တားမည်မဟုတ်။ အထူးသဖြင့် အစိုးရများသည် ၄င်းတို့အဖွဲ့ဝင်အဖြစ်လက်မှတ်ထိုးထားသော နိုင်ငံတကာစာချုပ်စာတမ်းများနှင့် သဘောတူညီချက်များတွင် ပါဝင်သည်ဟုမှတ်ယူရမည့် တာဝန်ဝတ္တရားများနှင့်ကတိကဝတ်များအပေါ်  ကောင်းမွန်သည့်ကတိသစ္စာဖြင့် ဖြည့်ဆည်းဆောင်ရွက်ရမည်။
(၂) ယခုကြေညာချက်ပါ အခွင့်အရေးများကိုကျင့်သုံးရာတွင် လူသားအားလုံး၏ အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုလူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များခံစားခွင့်ကို အဂတိသက်ရောက်ခြင်းအလျဉ်းမရှိစေရ။
(၃) ယခုကြေညာချက်တွင် ဖော်ပြထားသောအခွင့်အရေးများကို ထိထိရောက်ရောက်ရရှိစေရန် လုပ်ဆောင်သည့် အစိုးရများ၏ဆောင်ရွက်ချက်များကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းတွင်ပါရှိသော တန်းတူညီမျှမှုမူဝါဒနှင့်ဆန့်ကျင်သည်ဟု အခြားဆန့်ကျင်ကြောင်း အထောက်အထားတစုံတရာမရှိမခြင်း မမှတ်ယူရ။
(၄) ယခုကြေညာချက်တွင်ပါဝင်သည့်အချက်များကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် အစိုးရများ၏ အချုပ်အခြာအာဏာတန်းတူရေး၊ နယ်နိမိတ်ခိုင်မာမှုနှင့် နိုင်ငံရေးလွတ်လပ်ခွင့်တို့အပါအဝင် ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်များနှင့်မူဝါဒများကိုဆန့်ကျင်သည့်လှုပ်ရှားမှုမျိုးကိုခွင့်ပြုသည့် အဓိပ္ပါယ်မျိုးကောက်ယူခြင်းမပြုရ။

အပိုဒ် ၉
ကုလသမဂ္ဂစနစ်ရှိ အထူးအေဂျင်စီများနှင့် အခြားအဖွဲ့အစည်းများသည် ၄င်းတို့၏ ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်အလိုက်၊ ယခုကြေညာချက်ပါအခွင့်အရေးများနှင့်မူဝါဒများ အပြည့်အဝ အကောင်အထည်ပေါ်လာ စေရေးအတွက် ကူညီဆောင်ရွက်ရမည်။

သင့်ထံတွင် အခြေခံအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရှိပြီးသား ဖြစ်သည်။ မည်သည့်ထင်မြင်ယူဆချက်ကိုမဆို လွတ်လပ်စွာပြောဆိုရေးသား ထုတ်ဖေ နိုင်သည်။ အစိုးရကို ဝေဖန်ခြင်းသည် ပြစ်မှုမဟုတ်ပါ။ ထိုသို့လုပ်ဆောင်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်၍မရပါ။ သင်သည် လွတ်လပ်သောလူသားတစ်ဦးဖြစ်ပြီး၊ လူ့ဂုဏ်သိက္ခာနှင့် နေနိုင်ခွင့်ရှိသည်။ သင့်အိမ်မက်နှင့် မျှော်မှန်းချက်အပြည့်ဖြင့် ရှင်သန်ခွင့်ရှိသည်။ ယုံကြည်ရာ ဘာသာကို ကိုးကွယ်ခွင့်ရှိသလို၊ ဘာသာမဲ့အဖြစ်နေရန်လည်း ရွေးချယ်ခွင့် ရှိသည်။ သင့် လူမျိုးစုအတွက် ရပ်တည်ခွင့်ရှိသည်။ သင့် ဘာသာစကားဖြင့် ပြောဆိုခွင့် ရှိသလို၊ သင့်လူမျိုးဆိုင်ရာ ယဉ်ကျေးမှုအကြောင်းတွေကိုလည်း လေ့လာသင်ယူခွင့် ရှိသည်။ အမျိုးသမီးနှင့် အမျိုးသားများသည် တန်းတူဖြစ်သည်။ ဥပဒေအရ တန်းတူ ဆက်ဆံရမည်။

သင့်တွင် လွတ်လပ်စွာသွားလာခွင့်ရှိသည်။ သင်နေနေသော မြေကို အစိုးရက သိမ်းပိုင်ခွင့် မရှိ။ မည်သူမှ သင့်ကို နှစ်နာအောင်လုပ်ခွင့်မရှိပါ။ ပြစ်ဒဏ်ပေးခွင့်၊ နှိပ်စက်ခွင့်၊ ဖိနှိပ်ခွင့်နှင့် ခြိမ်းခြောက်ခွင့်မရှိပါ။ သင့်ကို ပြစ်မှုတစ်ခုခုဖြင့် စွဲဆိုထားပါက တရားမျှတပြီး ပွင့်လင်း မြင်သာမှုရှိသော တရားစီရင်မှုတွင်သာ စီရင်ခွင့်ရှိသည်။ သင့်အမြင်ကို ထုတ်ဖော် ပြောဆိုခြင်း သို့မဟုတ် ဆန္ဒပြပွဲများတွင် ပါဝင်ခြင်းကို တရားမဝင်သောလှုပ်ရှားမှုအဖြစ် မသတ်မှတ်သင့်ပါ။ ရွေးကောက်ပွဲတွင် သင်ထောက်ခံသူကိုသာ မဲပေးခွင့်ရှိသလို၊ မဲမပေးပဲလည်း နေပိုင်ခွင့် ရှိသည်။

သင်သည် လွတ်လပ်သော လူသားတစ်ဦးဖြစ်ပြီး လူ့ဂုဏ်သိက္ခာ၊ ကျင့်ဝတ်တရားဖြင့်
ပျော်ရွှင်ငြိမ်းချမ်းသော ဘဝတွင် နေနိုင်ရန်ကြိုးပမ်းခွင့်ရှိသည်။

HUMAN RIGHTS FOUNDATION

Burma Campaign UK